မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ရက်၊ ၂၀၁၀ခုနှစ်၊ ဇွန် ၂၈ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ❍

မြေပြန့်နှင့်တောင်ပေါ် ခရီးသွားလာရေး အထောက်အကူပြုမည့်

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း ဖွင့်လှစ်တော့မည်

သတင်းခရီးသည်-မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)
➢ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော်အစိုးရသည် ပြည်သူများ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းနှင့် တံတားကြီး၊ တံတားငယ်များကို နိုင်ငံတစ်ဝန်း နယ်စပ်ဒေသများပါမကျန် ကွန်ရက်သဖွယ် ဖြန့်ကြက်တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

ငြိမ်းချမ်းရေးအသီးအပွင့်

ဤသို့ဆောင်ရွက်ပေးနိုင်ခြင်းမှာလည်း နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာခြင်းတို့၏ အကျိုးရလဒ်ပင်ဖြစ်၏။ တစ်နည်းဆိုရသော် ငြိမ်းချမ်းသော နယ်မြေဒေသအသီးသီးတွင် ငြိမ်းချမ်းရေးအသီးအပွင့်များ သီးပွင့်ဝေဆာလာခြင်းပင် ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

ဘတ်စ်ကားကြီးများ မောင်းနှင်အသုံးပြုနိုင်သည်အထိ ဖောက်လုပ်ထားသော နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်းကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၉ ရက်)

ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ဇွန်လ ၂၆ရက်နေ့က ကျင်းပခဲ့သည်။

ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့" ဖြစ်သည်။

အဓိကဦးတည်ချက်သည် အနာဂတ်သားကောင်းရတနာများအဖြစ် လူသားထုတစ်ရပ်လုံးက အမြတ်တနိုး ပျိုးထောင်စောင့်ရှောက်နေရသော လူငယ်ထုသည် မူးယစ်ဆေးဝါးအန္တရာယ်ကို အများဆုံးကြုံတွေ့ခံစားရပြီး ပန်းငုံ ပန်းဖူးဘဝ၌ပင် ညှိုးနွမ်းပျက်သုဉ်းရန် မူးယစ်ဆေးဝါးက ကြီးမားစွာ အန္တရာယ်ပေးလျက်ရှိရာ မူးယစ်ဆေးဝါးရှိလျှင် လုံခြုံဘေးကင်း အန္တရာယ်ကင်းရှင်းရန် မဖြစ်နိုင်၍ မူးယစ်ဆေးဝါးကို လုံးဝရှောင်ကြဉ်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သည့် ဘဝကို မုချရောက်ရှိမည်ဖြစ်သည်ကို အဓိပ္ပာယ်ဖော်ညွှန်းထားခြင်း ဖြစ်ပေသည်။

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံ၌ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များက ပြည်သူများနှင့် ဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာ၌ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲဆိုးကျိုးများကို ဖော်ပြ၍ မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမျိုးမရှိရန် အသိပညာဖြန့်ဖြူးပေးခြင်း၊ ပညာပေးစည်းရုံးခြင်းများကို အလေးထားဖော်ဆောင်လျက်ရှိသည်။

၂၀၁၀ခုနှစ် နှစ်ဆန်းပိုင်း၌ ဆာဖရိုးလ်ကြွယ်ဝဆီဟုခေါ်သည့် ပစ္စည်းတစ်မျိုးကို ထိန်းချုပ်ဓာတုပစ္စည်းအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများထုတ်လုပ်ရာတွင် အစပျိုးဓာတုပစ္စည်းအဖြစ် လမ်းလွှဲအသုံးပြုမှုမဖြစ်ရန် တားဆီးခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းကို ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်ရေးအတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အသိပညာပေးလှုံ့ဆော်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဦးတည်ချက်ဆောင်ပုဒ်ဖြစ်သည့် "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့" ဆောင်ပုဒ်ပါအတိုင်း လူသားတစ်ရပ်လုံး၏ဘဝ၊ ပတ်ဝန်းကျင်တစ်ခုလုံး ကျန်းမာပျော်ရွှင်စွာနေနိုင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အမှာစကားပြောကြား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေး

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၈

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအစည်းအဝေးကို ဇွန် ၂၅ရက် ညနေပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်သည်။

အစည်းအဝေးသို့ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တာဝန်ရှိသူများက ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဆင်းရဲခြင်းလွတ်ကင်းအောင်** တရားတော် (ဆရာတော်အရှင်ဝီရိယ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၁)
၈:၃၀ Activities in the City -Nexus ဆိုသည်မှာ -အမျိုးသမီးဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ ကျန်းမာသောလူမှုဘဝ နေထိုင်မှုပုံစံ
၈:၅၀ **နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့...** (အပိုင်း-၁)
၉:၁၀ အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
၉:၃၀ Cartoon Show Time (Robots)
၁၀:၁၀ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၀:၄၀ သင်ကြားရေးလမ်းညွှန် (GESC တရုတ်ဘာသာစကား သင်တန်းကျောင်း)
၁၀:၅၅ စင်မြင့်ပေါ်မှ စတုတ္ထအကြိမ်မြောက် ဆုနှင်းသဘင်
၁၁:၁၅ ဘဝများ (ငိုခြင်းမဲ့မျက်လုံးများ Tearless Eyes)
၁၁:၃၀ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
၁၁:၅၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
၁၂:၁၀ သစ်ခွ
၁၂:၃၀ စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
၁၂:၄၅ ပိတုန်းရောင် ကေသာဦးအတွက်...
၁:၀၀ **ဆင်းရဲခြင်းလွတ်ကင်းအောင်** တရားတော် (ဆရာတော်အရှင်ဝီရိယ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival [Romantic Couple-2]
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၁)
၄:၀၅ မိုးအလှပန်းချီ တေးကိုသီ
၄:၁၅ စင်မြင့်ပေါ်မှ စတုတ္ထအကြိမ်မြောက် ဆုနှင်းသဘင်
၄:၃၅ ရန်ကုန်မြင်ကွင်းကျယ် (Naing Group ၏ ထူးခြားဆန်းသစ်ရွှေရောင်နှစ် 2010 အရောင်းမြှင့်တင်ရေးအစီအစဉ်)
၄:၅၀ **နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့...**(အပိုင်း-၁)
၅:၁၀ Activities in the City -Nexus ဆိုသည်မှာ -အမျိုးသမီးဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ ကျန်းမာသောလူမှုဘဝ နေထိုင်မှုပုံစံ
၅:၃၅ Celebrity Style (ခင်ဘုဏ်း)
၆:၀၀ MRTV-4 သတင်း
၆:၂၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများ နှင့် တစ်မူထူးခြား ထာပွဲများ
၆:၄၀ ဘဝများ (ငိုခြင်းမဲ့မျက်လုံးများ Tearless Eyes)
၆:၅၅ Fashion Music Festival [Romantic Couple-2]
၇:၃၅ သင်ကြားရေးလမ်းညွှန် (GESC တရုတ်ဘာသာစကား သင်တန်းကျောင်း)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Cartoon Show Time (Robots)
၉:၁၀ Celebrity Style (ခင်ဘုဏ်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၁)
၁၀:၀၀ Sunday Talk
၁၀:၅၅ အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
၁၁:၁၅ Sports World
၁၁:၄၀ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၁:၅၀ World of Knowledge (Darwin's Lost Voyage)
၁၂:၄၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြို့လုံးကျွတ် သစ်ပင်စိုက်ပျိုးပွဲတော်

မြေပုံမြို့၌ ကျင်းပ

မြေပုံ ဇွန် ၂၈

မိုးရာသီ မြို့လုံးကျွတ်သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဇွန်၁၉ရက် နံနက်ရနာရီက မြေပုံမြို့ ကံသာထွက်ဝရပ်ကွက် စိုက်ပျိုးရေးရှင်းလင်းဆောင်အနီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးသန်းက အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများအား ပျိုးပင်များ လွှဲပြောင်းပေးအပ်သည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြေပုံမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီစိုးနှင့် ဝန်ထမ်းများ၊ မြို့မတိုက်နယ်၊ ၎/မန်းရဲတိုက်နယ်၊ တောင်စဉ်ကမ်းတိုက်နယ်၊ ဒိုင်းပုံတိုက်နယ်နှင့် ကွမ်းချောင်းတိုက်နယ်များမှ ဒေသခံပြည်သူများသည် ကျွန်းပင် ၁၀၀၀၊ ပျဉ်းကတိုးပင် ၂၀၃၀၊ သီဟိုဠ်ပင်၁၀၀၀၊ ယူကလစ်ပင် ၆၀၀၊ ရော်ဘာပင်၉၀၀၊ အခြားသစ်ပင်များကို ကားလမ်းဘေးဝဲယာနှင့် သောက်သုံးရေကန်ပတ်ဝန်းကျင်များ၌ စုပေါင်းစိုက်ပျိုးကြသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ရသူများဖြစ် ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားအပေါ် ခိုင်မာစွာရပ်တည်

ပြည်သူများအား တိကျသည့်အခြေအနေမှန်များကို ပြန်ကြားပေးရန်အရေးကြီး

ရန်ကုန် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ထမ်းများ၏ စီမံဆောင်ရွက်နေမှု အခြေအနေများ၊ ဝန်ထမ်းများ အနေဖြင့် ဒေသနေပြည်သူလူထုနှင့် ထိတွေ့၊ ဆွေးနွေး၊ ပြန်ကြားရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကိုသိရှိပြီး မိမိအနေဖြင့်ဖြည့်ဆည်း မှာကြားရန်ရှိသည်များအပေါ် ဆွေးနွေး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ခိုင်ခိုင်မာမာရပ်တည်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ နှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေကြရသူ များဖြစ်သဖြင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွား အပေါ် ခိုင်ခိုင်မာမာရပ်တည်လျက် ပြည်သူ များအား တိကျသည့် အခြေအနေမှန်များ ကို ပြန်ကြားပေးရန် အရေးကြီးကြောင်း။

မိမိဒေသအတွင်း ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိဖတ်ရှုနိုင် ရေး၊ ဒို့ကျေးရွာဂျာနယ်တစ်စောင် ကျေးရွာ တိုင်း ရောက်ရှိဖတ်ရှုနိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုးသည့်စနစ်၊ ဒေသအာဏာ ပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သည့်စနစ်၊ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်သည့်စနစ်စသည့် နည်း(၃)နည်း ဖြင့် ဆောင်ရွက်ကြရန်၊ ရန်ကုန်တိုင်း အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး ၂၀၁၀ခုနှစ် ဒီဇင်ဘာလတွင် စံ(၅)ချက်နှင့် ပြည့်စုံသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးဦးကျော်ဆန်း သည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးခဲ့သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ပဲခူး ခရိုင်နှင့်မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၉-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
၆း၄၀ ၁၄။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(Live) ပါရာဂွေးနှင့် ဂျပန်(ရှုံးထွက်)**

၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၁း၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(Live) စပိန် နှင့် ပေါ်တူဂီ(ရှုံးထွက်)**

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၂ဒသမ ၈၀လက်မ၊ ကော့သောင်းမြို့တွင် ၂ဒသမ ၃၇လက်မ၊ မော်ဘီမြို့တွင် ၂ဒသမ ၁၆လက်မ၊ ရေးမြို့တွင် ၁ဒသမ ၈၅လက်မနှင့် ပေါင်မြို့တွင် ၁ဒသမ ၇၇လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၉ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ပထာမ ယူ-၂၃ အသင်းခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရ

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း – ဖိုးသော်ဇင် ➤ စာမျက်နှာပွဲ့စည်းမှု – ခင်သန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၈

ဇူလိုင် ၂ရက်နှင့် ၄ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည့် စင်ကာပူ အိုလံပစ်အသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသော ပထာမ မြန်မာ့လက်ရွေးစင်အသင်းနှင့် ပထာမ ယူ-၂၃ အသင်းတို့ရဲ့ ခြေစမ်းပွဲကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ပထာမ ယူ-၂၃အသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရသွားပါတယ်။

ပထာမ ယူ-၂၃အသင်း - သုံးဂိုး
ပထာမလက်ရွေးစင်အသင်း - ဂိုးမရှိ

အရင်လက်ရွေးစင်အသင်းမှာ တွဲကစားနေကျ ကစားသမားဖြစ်တဲ့ လွင်ဦး၊ ရန်ပိုင်၊ အောင်ကျော်မိုး၊ ဇော်လင်းထွန်း-၂၊ မင်းသူ၊ ခင်မောင်ထွန်း၊ ငွေအောင်၊ မျိုးမင်းထွန်း၊ ကျော်သူရတို့ ဦးဆောင်ပြီး ညီညီလွင်(**ဂိုး**)နဲ့ နိုင်ဦးလွင်တို့သာအသစ်ပါဝင်လာတဲ့ လက်ရွေးစင်အသင်းဟာ အခုပွဲမှာ ခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ သမ္မာနဲ့ထိန်းပြီး ကစားဖို့ကြိုးစားခဲ့ပေမယ့် ယူ-၂၃ အသင်းက လျင်လျင်မြန်မြန်နဲ့ ကစားသွားတာကြောင့် ပထာမ လက်ရွေးစင်အသင်း ကစားကွက်တည်မရဖြစ်ပြီး ဂိုးပြတ် ရှုံးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။

လာအိုဆီးဂိမ်း ပြိုင်ပွဲဝင်အသင်းက သီဟစည်သူ(**ဂိုး**)၊ အေးဆန်း၊ ရာဇာဝင်းသိန်း၊ ကျော်ကိုကို၊ ရွှေလှိုင်ဝင်းနဲ့ မင်းမင်းသူတို့ကို အခြေခံပြီး ရန်အောင်ဝင်း၊ လှအေးထွေး၊ ပြည့်ဖြိုးဦး၊ အောင်မြင့်အေး၊ ရန်အောင်ကျော်တို့နဲ့ ပွဲထွက်လာတဲ့ ယူ-၂၃ အသင်းဟာ ပွဲစကတည်းက လက်ရွေးစင်အသင်းဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ပြည့်ဖြိုးဦးရဲ့ ဘယ်ခြမ်းကနေ ခြေစွမ်းပြနိုင်တာကြောင့် လက်ရွေးစင်နောက်တန်း မနည်းထိန်းခဲ့ရပါတယ်။ ၂၃ မိနစ်မှာ ယူ-၂၃အသင်း ဂိုးစရခဲ့ပြီး ညာခြမ်းက ရန်အောင်ဝင်းဖြတ်ပို့တဲ့ ဘောလုံးကို ပြည့်ဖြိုးဦးက ပြေးဝင်ခေါင်းတိုက်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာ ယူ-၂၃အသင်းဟာ ပြည့်ဖြိုးဦးကို လူစားလဲခဲ့လို့ တိုက်စစ်အားပျော့သွားပြီး လက်ရွေးစင်အသင်း ပြန်ဖိကစားနိုင်ခဲ့ပါတယ်။ ၃၆ မိနစ်မှာ ရန်ပိုင် လွတ်လွတ်ကျွတ်ကျွတ်ဆွဲပြေးပြီး သီဟစည်သူကို လိမ်ဖို့ကြိုးစားပေမယ့် သီဟစည်သူ ကာကွယ်နိုင်ခဲ့ပါတယ်။

ယူ-၂၃ အသင်းအတွက် တတိယဂိုးကို မိုင်းအိုက်နိုင် သွင်းယူခဲ့စဉ်။

ထိန်းကစား

ဒုတိယပိုင်းမှာတော့ နှစ်သင်းစလုံး လူအပြောင်းအလဲတွေ အများကြီး လုပ်ခဲ့ပါတယ်။ လက်ရွေးစင်အသင်းမှာ ခင်မောင်လွင်၊ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်နဲ့ ဝင်းမင်းထွဋ်တို့ ပါလာပေမယ့် ကစားအား တက်မလာခဲ့ပါဘူး။ ယူ-၂၃ အသင်းကတော့ လျင်မြန်မှုကို ဦးစားပေးပြီးကစားခဲ့တာကြောင့် လက်ရွေးစင်နောက်တန်း မထိန်းချုပ်နိုင်ခဲ့ပါဘူး။ ၆၆ မိနစ်မှာ ယူ-၂၃ အသင်း ဒုတိယဂိုးရခဲ့ပြီး သိန်းသန်းဝင်းချပေးတာကို စိုးမင်းဦးက ပိတ်သွင်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ယူ-၂၃ အသင်းက အနိုင်ကို ထိန်းကစားသွားပြီး တတိယဂိုးကိုတော့ ၇၉မိနစ်မှာ လက်ရွေးစင်နောက်ခံလူ ခင်မောင်ထွန်းရဲ့ အမှားကနေ မိုင်းအိုက်နိုင်ရသွားပြီး ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ပထာမ ယူ-၂၃အသင်းမှာ **ဂိုး**-သီဟစည်သူ(ဇာနည်မင်း)၊ **နောက်တန်း**-ရန်အောင်ဝင်း(ကျော်ကျော်မျိုး)၊ အေးဆန်း၊ မင်းမင်းသူ(ဆန်းမင်း)၊ ရွှေလှိုင်ဝင်း(နိုင်လင်းထွန်း)၊ (ထွန်းလင်းအောင်)၊ **အလယ်တန်း**-လှအေးထွေး(ကျော်ဇေယျာဝင်း)၊ ရန်အောင်ကျော်(တင်ဝင်းအောင်)၊ ပြည့်ဖြိုးဦး(သိန်းသန်းဝင်း)၊ အောင်မြင့်အေး(နိုင်နိုင်လင်း)၊ (ရဲဝေယံစိုး)၊ ရာဇာဝင်းသိန်း(စိုးမင်းဦး)၊ (ခိုင်ဇော်ထွန်း)၊ **ရှေ့တန်း**-ကျော်ကိုကို (မိုင်းအိုက်နိုင်)တို့ ပါဝင်ကစားခဲ့ပြီး ပထာမလက်ရွေးစင်အသင်းမှာ **ဂိုး**-ဇာနည်မင်း (ကျော်ဇင်ထက်)၊ **နောက်တန်း**-ခင်မောင်ထွန်း၊ ဇော်လင်းထွန်း(ကျော်ခိုင်ဝင်း)၊ ငွေအောင်(ဝင်းမင်းထွန်း)၊ မင်းသူ (နီမောင်မောင်အောင်)၊ **အလယ်တန်း**-လွင်ဦး(ဇော်ထက်အောင်)၊ အောင်ကျော်မိုး၊ မျိုးမင်းထွန်း(ခင်မောင်လွင်)၊ နိုင်ဦးလွင်၊ **ရှေ့တန်း**-ရန်ပိုင်(သက်နိုင်)နဲ့ ကျော်သူရတို့ ပါဝင်ကစားခဲ့ကြပါတယ်။ ။ **(မြန်မာ့အလင်း)**

နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံဆွေးနွေး

တိုရွန်တို ဇွန် ၂၈

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဇွန် ၂၆ရက်ကစတင်ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၌ တရုတ်သမ္မတဟူကျင်ထောင်းနှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့သည် နှစ်နိုင်ငံ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများကိုဆွေးနွေးပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ဆန့်ကျင်ကြောင်း ပြောကြားကြသည်။

တရုတ်သမ္မတဟူကျင်ထောင်း

ထည့်သွင်းဆွေးနွေး

ထို့အပြင် ကမ္ဘာ့ရေးရာ အရေးကြီးကိစ္စရပ်များနှင့် ဒေသတွင်းဆိုင်ရာ အဓိက စိုးရိမ်ဖွယ်ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ပြောကြား

တရုတ်နှင့် အမေရိကန်အစိုးရတို့ အနေဖြင့် အဓိက စိန်ခေါ်မှုများကို လက်တွဲပူးပေါင်း ဖြေရှင်းကြမည်ဖြစ်သည်ဟု တရုတ်သမ္မတဟူကျင်ထောင်းက ပြောကြားသည်။

ထုတ်ဖော်ပြောကြား

နှစ်နိုင်ငံ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှု ရလဒ်များအပေါ် ကျေနပ်အားရမိကြောင်းနှင့် တရုတ်နိုင်ငံ၏ အောင်မြင်မှုနှင့်တိုးတက်မှုများကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

မြောက်ဝင်ရိုးစွန်း၌ သုတေသနပြုလုပ်ရန်သွားရောက်မည့် နှင်းနဂါးရေခဲခွဲသင်္ဘောကို တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ရှီအန်းမြို့၌ ဇွန် ၂၈ ရက်က တွေ့ရစဉ်။ (အဆိုပါ သင်္ဘောသည် ဇူလိုင် ၁ ရက်မှစတင်ကာ မြောက်ဝင်ရိုးစွန်း၌ ၈၅ ရက်ကြာ သုတေသနပြုလုပ်မည်ဖြစ်သည်။) **(ဆင်ဟွာဓာတ်ပုံ)**

မြေထဲပင်လယ်မှဓာတ်ငွေ့သိုက် အစ္စရေးအဝမှယူရန် ခြိမ်းခြောက်ဟုဆို

တဲလ်အဗစ် ဇွန် ၂၈

မြေထဲပင်လယ်အတွင်း လက်ဘနွန်ရေပြင်ပိုင်နက်၏ အစိတ်အပိုင်းတစ်နေရာ၌ အသစ်တွေ့ရှိသည့် ဓာတ်ငွေ့တွင်းကို အပြည့်အဝထိန်းချုပ်ရန် အစ္စရေးက စစ်အင်အားသုံးပြီးခြိမ်းခြောက်လျက်ရှိကြောင်း အင်တာနက်သတင်းတွင်ဇွန်၂၇ရက်က ဖော်ပြသည်။

ပေါ်ထွက်လာ

ဓာတ်ငွေ့သိုက်အစိတ်အပိုင်းအချို့ကို လက်ဘနွန်က အမှန်တကယ်အားဖြင့် ပိုင်ဆိုင်သည်ဟု ကြေညာကာ လက်ဘနွန်၏ အရင်းအမြစ်များကို အစ္စရေးအား လုယူခွင့်မပြုနိုင်ဟု လက်ဘနွန်က ထုတ်ဖော်ပြောကြားပြီးနောက် အစ္စရေးအခြေခံအဆောက်အအုံဝန်ကြီးလန်ဒေါ၏ ပြောကြားချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကာကွယ်သွားမည်

မြေပုံအရဆိုပါက ဓာတ်ငွေ့သိုက်သည် လက်ဘနွန်ရေကြောင်းပိုင်နက်အထိ ကျယ်ပြန့်နေမှုကို အစ္စရေးက လျစ်လျူရှုထားကြောင်း၊ လက်ဘနွန်နိုင်ငံက ၎င်း၏ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အချုပ်အခြာပိုင်ခွင့်ကို ကာကွယ်သွားမည် ဖြစ်ကြောင်း လက်ဘနွန်လွှတ်တော်ဥက္ကဋ္ဌ ဘာရီက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ ကားဗုံးများပေါက်ကွဲ အရပ်သားများ သေဆုံးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇွန် ၂၇ ရက်တွင် ကားဗုံးသုံးလုံးပေါက်ကွဲသဖြင့် အရပ်သားတစ်ဦး သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုက်ဖာလမ်းပေါ်၌ ဇွန်၂၇ရက်နံနက်ပိုင်းတွင် ကားဗုံးပေါက်ကွဲသဖြင့် အရပ်သားတစ်ဦး သေဆုံးပြီး ဖြတ်သန်းသွားလာသူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိ

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ခါဒါအာခရိုင်အတွင်း၌ ပညာရေးဝန်ထမ်းတစ်ဦး၏ မော်တော်ယာဉ်အား ဗုံးခွဲတိုက်ခိုက်သဖြင့် အဆိုပါဝန်ထမ်း ဒဏ်ရာရရှိပြီး ဇွန်၂၆ရက်၌ ဂျီဟတ်ခရိုင်အတွင်း ရဲတပ်ဖွဲ့ဝင်နှင့် ၎င်း၏ ဇနီးတို့လိုက်ပါလာသော မော်တော်ယာဉ်အား ဗုံးခွဲတိုက်ခိုက်သဖြင့် နှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

ဆက်လက်ဖြစ်ပွား

အီရတ်နိုင်ငံရှိမြို့ကြီးများ၌ မကြာခဏဖြစ်ပွားလေ့ရှိသည့် တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ **အမ်အင်န်အေဆင်ဟွာ**

ရိုမေးနီးယား၌ ရေလွှမ်း လေးဦးသေဆုံး လူရာပေါင်းများစွာ ရွှေ့ပြောင်းရ

ဘူခါရက် ဇွန် ၂၈

ဥရောပတိုက် အရှေ့တောင်ပိုင်းရှိ ရိုမေးနီးယားနိုင်ငံ၌ ဇွန် ၂၆ရက်က ရေလွှမ်းမှုကြောင့် အနည်းဆုံးလေးဦးသေဆုံးခဲ့ပြီး ရာပေါင်းများစွာသော ပြည်သူများ အိမ်များကို စွန့်ခွာပြောင်းရွှေ့ခဲ့ရသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ရေလျှံကျသဖြင့် နိုင်ငံအလယ်ပိုင်းနှင့်အနောက်ပိုင်းမှ လမ်းများ ရေမြုပ်ခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် သစ်တောဟက်တာ ၄၀၀၀ ပျက်စီးခဲ့ရပြီး ပစ္စည်းသိုလှောင်ရုံနှင့် အိမ်အလုံး ၇၀၀ ကျော်လည်း ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ (အင်တာနက်)

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ (၃၇)ကြိမ်မြောက် ပန်းပြပွဲ ကျင်းပနေသည်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အိုပီကွန်ပြန်လည်လွှဲပြောင်းရေး သုံးနှစ်ရွှေ့ဆိုင်းရန် တောင်ကိုရီးယားနှင့် အမေရိကန်သဘောတူညီ

ဆိုးလ် ဇွန် ၂၈

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် စစ်ကာလအတွင်း စစ်ဆင်ရေးထိန်းချုပ်ကွပ်ကဲမှု အိုပီကွန်ပြန်လည်လွှဲပြောင်းရေးအစီအစဉ်ကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁ရက်အထိ သုံးနှစ်ကြာရွှေ့ဆိုင်းလိုက်သည်ဟု တောင်ကိုရီးယားသမ္မတရုံးက ဇွန် ၂၇ရက်၌ တရားဝင်ကြေညာသည်။

ဆုံးဖြတ်

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ကျင်းပသည့် ဂျီ-၂၀ထိပ်သီးအစည်းအဝေးသို့ တောင်ကိုရီးယားသမ္မတအီမြောင်ဘတ်နှင့်အမေရိကန်သမ္မတဘားရက်အိုဘားမားတို့ တက်ရောက်စဉ် သီးခြားတွေ့ဆုံကာ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ကြေညာလိုက်ခြင်းဖြစ်သည်။

ရွှေ့ဆိုင်း

စစ်ကာလအတွင်းစစ်ဆင်ရေး ထိန်းချုပ်ကွပ်ကဲမှု (အိုပီကွန်)ကို ၂၀၁၂ခုနှစ် ဧပြီလအတွင်း အမေရိကန်က တောင်ကိုရီးယားအစိုးရထံ ပြန်လည်လွှဲပြောင်းရန်စီစဉ်ထားသော်လည်း ကိုရီးယားကျွန်းဆွယ်၏ လက်ရှိလုံခြုံရေးအခြေအနေအရ ၂၀၁၅ခု နှစ်ကုန်ပိုင်းသို့ ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်ဟုဆိုသည်။

သဘောတူညီ

ထို့အပြင် နှစ်နိုင်ငံအကြား ထောက်လှမ်းရေးဆက်သွယ်မှု ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်၏ ရှေ့ဆက်သွားမည့် အစီအစဉ်များ မြှင့်တင်ရေးနှင့်စပ်လျဉ်း၍လည်း တောင်ကိုရီးယားသမ္မတနှင့် အမေရိကန်သမ္မတတို့ သဘောတူညီခဲ့ကြသည်ဟု သတင်းတွင်ဖော်ပြသည်။ **အမ်အန်အေဆင်ဟွာ**

အီရန်အနောက်မြောက်ပိုင်း၌ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိ

တီဟီရန် ဇွန် ၂၈

အီရန်အမျိုးသားရေနံကုမ္ပဏီ(အင်န်အိုင်အိုစီ)သည် အီရန်နိုင်ငံအနောက်မြောက်ပိုင်း ခိုရာဆမ်ရာဇာဗီပြည်နယ်အတွင်း၌ သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခု ရှာဖွေတွေ့ရှိခဲ့သည်ဟု ဇွန် ၂၇ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အသင့်ဖြစ်

အဆိုပါဒေသအတွင်း ယင်းကဲ့သို့ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိမှုသည် ဒုတိယမြောက်ဖြစ်သည်ဟုဆိုသည်။ ယင်းသဘာဝဓာတ်ငွေ့သိုက် တူးဖော်ရေးလုပ်ငန်းစဉ်များကို စတင်ရန် အသင့်ဖြစ်နေပြီဟု အင်န်အိုင်အိုစီဓာတ်ငွေ့ ရှာဖွေရေးအဖွဲ့ အကြီးအကဲ မာမွတ်မိုဟာဒီက ပြောကြားသည်။

ရှာဖွေတွေ့ရှိ

အင်န်အိုင်အိုစီအနေဖြင့် ခိုရာဆမ်ရာဇာဗီပြည်နယ်အတွင်း ၂၈နှစ်ကြာ စူးစမ်းရှာဖွေမှုများပြုလုပ်ခဲ့ပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်အတွင်း၌ ယင်းကဲ့သို့ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ယူဆ

သဘာဝဓာတ်ငွေ့သိုက်ကြီးသည် ကုဗပေ ၂၁ဒသမ၁၉ ထရီလီယံရှိပြီး ၇၀မှ ၇၅ ရာခိုင်နှုန်းအထိ ထုတ်ယူသုံးစွဲနိုင်ဖွယ်ရှိသည်ဟု ယူဆရကြောင်း မာမွတ်မိုဟာဒီက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ ပါနာမြို့ ဆင်ခြေဖုံးဒေသ၌ ယာဉ်နှစ်စီးခေါင်းချင်းဆိုင် တိုက်မိပြီးနောက် တိမ်းမှောက်သွားသော ခရီးသည်တင်ယာဉ်ကို ဇွန်၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်တပ်ဖွဲ့ ဆွတ်တောင်ကြား ထိုးစစ်ဆင်မှု ထိပ်တန်းအကြမ်းဖက်ခေါင်းဆောင် သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၂၈

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့သည် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဆွတ်တောင်ကြားဒေသ၌ ထိုးစစ်ဆင်တိုက်ပွဲများဆင်နွှဲခဲ့ရာတွင် တာလီဘန်စစ်သွေးကြွခေါင်းဆောင်တစ်ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့သည်ဟု အင်တာနက်သတင်း၌ ဇွန် ၂၇ရက်က ဖော်ပြသည်။

ဝင်ရောက်စီးနင်း

လုံခြုံရေးတပ်ဖွဲ့အနေဖြင့် ချာဘာဒေသအတွင်း ဇွန် ၂၇ရက်က တာလီဘန်နှိမ်နင်းရေး ထိုးစစ်ဆင်နွှဲမှုအတွင်း တီရစ်-အီး-ပါကစ္စတန်တာလီဘန် အကြီးအကဲတစ်ဦးကို သုတ်သင်ရှင်းလင်းခဲ့ပြီး အိုရာကာဇီဒေသစစ်ဆေးရေးဂိတ်ကို စစ်သွေးကြွများက ဇွန်၂၃ရက်၌ ဝင်ရောက်စီးနင်းခဲ့ရာ အပြန်အလှန် ပစ်ခတ်မှုအတွင်း စစ်သွေးကြွ ၂၄ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

တီရစ်-အီး-ပါကစ္စတန်တာလီဘန်အဖွဲ့မှာ လွန်ခဲ့သည့်နှစ်များအတွင်း ပါကစ္စတန်နိုင်ငံအနှံ့အပြား၌ လူထောင်နှင့်ချီ၍ သေဆုံးခဲ့ရသည့် အကြမ်းဖက်တိုက်ခိုက်မှုတွင် အဓိကပါဝင်ပတ်သက်သည့် အဖွဲ့ဖြစ်သည်ဟု ယူဆရကြောင်း သတင်းတွင်ဖော်ပြသည်။

စွန့်ခွာထွက်ပြေး

ပါကစ္စတန်တပ်ဖွဲ့၏ ထိုးစစ်ဆင်နွှဲမှုများနှင့် ပါကစ္စတန်လူမျိုးစုဒေသများ၌ ဖြစ်ပွားသည့် အကြမ်းဖက်မှုများကြောင့် ၂၀၀၉ခုနှစ် နိုဝင်ဘာလမှစတင်ကာ ပြည်သူ ၂၁၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်ဟု ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြသည်။ **(အင်တာနက်)**

သမိုင်းဝင်သတင်းသုတ

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ရုရှား-ပိုလန်စစ်ပွဲ (၁၆၅၄-၁၆၆၇)

တိုး - ရေးသားသည်

ရုရှား-ပိုလန်စစ်ပွဲအတွင်း ၁၆၆၀ပြည့်နှစ်က တိုက်ပွဲတစ်နေရာကို တွေ့ရစဉ်က....။

ရုရှား-ပိုလန်စစ်ပွဲကို ၁၃နှစ်ကြာ စစ်ပွဲဟုလည်းခေါ်၏။ ဤစစ်ပွဲကိုပင် ပိုလန်-လစ်သူယေးနီးယားဓနသဟာယအဖွဲ့နှင့် ရုရှားဇာဘုရင်နိုင်ငံတို့အကြား ဖြစ်ပွားသော ပထမမြောက်ပိုင်းစစ်ပွဲနှင့် ပိုလန်-လစ်သူယေးနီးယား ဓနသဟာယအဖွဲ့တွင်း ဖြစ်ပွားသော ဒုတိယမြောက်ပိုင်းစစ်ပွဲဟူ၍လည်း နှစ်ပိုင်းခွဲ၍ သတ်မှတ်သမုတ်ကြပြန်သည်။ ထို့ကြောင့်ပင် ပိုလန်နိုင်ငံ၌ ဤစစ်နယ်ဝန်း နှစ်ခုလုံးကို ထိခိုက်ပျက်ပြုန်းမှုအဖြစ် ရှုမြင်ကောက်ချက်ချထားသည်။

မည်သို့ပင် သတ်မှတ်ခေါ်ဝေါ် သမုတ်သည်ဖြစ်စေ ၁၃နှစ်ကြာ ဤရုရှား-ပိုလန်စစ်ပွဲအပြီးတွင် နယ်မြေအများအပြားကို ရုရှားနိုင်ငံ ရရှိလိုက်သည်က ငြင်းချက်ထုတ်၍မရသော သမိုင်းသက်သေတစ်ခု ဖြစ်လာရသည်။

အကူအညီ

ယူကရိန်းကော့ဆက်တို့က ပိုလန်-လစ်သူယေးနီးယား ဓနသဟာယအဖွဲ့ကို တော်လှန်ပုန်ကန်မှုက ဤစစ်ပွဲကို စတင်ဦးတည်စေခဲ့သည်။ ကော့ဆက်ခေါင်းဆောင် ဘိုဒန်ခမဲနစ်စကီးသည် ရုရှားနိုင်ငံကို သစ္စာခံခြင်းဖြင့် ရုရှားထံမှ နိုင်ငံခြားအကူအညီ အဓိကရယူသည်။ ကော့ဆက်များကို ရုရှားအစိုးရ ဩဇာအောက် သွတ်သွင်းရန် ၁၆၅၁ခုနှစ်တွင် အဆင်သင့်ဖြစ်သော်လည်း၊ ယူကရိန်းကို ရုရှားဇာဘုရင်နိုင်ငံအတွင်း ပေါင်းစည်းရေးအတွက် ရုရှားလွှတ်တော်က ဆုံးဖြတ်အတည်ပြုသည်။ ၁၆၅၃ခုနှစ်တိုင်အောင် ရုရှားဇာဘုရင်က စောင့်ဆိုင်းသည်။ ယင်းကိစ္စကို ကော့ဆက်တို့ အတည်ပြုလက်ခံလိုက်သောအခါ ရုရှား-ပိုလန်စစ်ပွဲမှာ ရှောင်လွှဲ၍မရတော့ပေ။

၁၆၅၄ခုနှစ် ဇူလိုင်လတွင် အင်အား ၄၁၀၀၀ရှိသော ရုရှားတပ်မတော်က နယ်စပ်ခံတပ်များဖြစ်သည့် ဘဲလီနှင့် ဒိုရိုဂိုဘက်တို့ကိုသိမ်းပြီး စမိုလင့်ကို ဝိုင်းထားလိုက်သည်။

စမိုလင့်အနောက်ဘက် ကပ်လျက်ရှိသည့် အော်ရှာလို အင်အား ၁၀၀၀၀ရှိ လစ်သူယေးနီးယားခေါင်းဆောင် မင်းသား ရက်ဇီဝီလ်၏တပ်က တပ်စွဲထားသမျှကာလပတ်လုံး စမိုလင့်မှ ရုရှားတပ်များ၏အခြေအနေမှာ ရတက်မအေးစရာဖြစ်သည်။

အမိန့်နာခံ

စစ်အင်အား ၄၁၀၀၀ရှိ ရုရှားတပ်မှာ ဇာဘုရင်၏ လက်အောက်ဟုဆိုသော်လည်း အမှန်စင်စစ် မင်းသားယာကော့ချာကက်စကီး၊ မင်းသားအိုဒက်စကီးနှင့် မင်းသားခိုဗန်စကီးတို့၏ ဩဇာအောက်တွင် အမိန့်နာခံကြရသည်။

မင်းသားချာကက်စကီး၏တပ်က ရှာလော့အနီးတွင် လစ်သူယေးနီးယားခေါင်းဆောင် မင်းသားရက်ဇီဝီလ်၏တပ်များကို အောင်နိုင်လိုက်သည်။ သုံးလကြာဝိုင်းထားပြီးနောက် ၁၆၅၄ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် စမိုလင့်ခံတပ် ရုရှားတပ်များလက်သို့ ကျရောက်သွားသည်။

အခိုင်အမာတပ်စွဲ

ထိုအတောအတွင်း ရုရှားတပ်မတော်၏ ဘယ်တောင်ပံကို မင်းသားထရူဘက်စကွိုင်း ဦးဆောင်ကာ ဘဂိုင်ယန့်မှ ယူကရိန်းသို့ ဖြန့်လိုက်သည်။ ထရူဘက်စကွိုင်းက အမ်စတီစလက်နှင့် ဂိုစလက်မြို့တို့ကိုသိမ်းပြီး သူ၏ ယူကရိန်းမဟာမိတ်တပ်များက ဟို့မဲကိုသိမ်းခြင်းဖြင့် ဒီနိုက်ပါနှင့် ဘယ်ရီဇီနာအကြားရှိ နယ်မြေကို အမြန်သိမ်းယူခဲ့သည်။ တစ်ဖန် ရှယ်ရမီတက်၏တပ်က ဗီစကော့မှ ထွက်ခွာချီတက်ပြီး ထိုနှစ် ဇူလိုင် ၁ရက်တွင် နေဗယ်မြို့၊ ဇူလိုင် ၁၇ရက်တွင် ဟိုလော့မြို့၊ နိုဝင်ဘာ ၁၇ရက်တွင် ဗီတက်မြို့ စသည့် လစ်သူယေးနီးယား မြို့ပြနယ်ပယ်တို့ကို သိမ်းလိုက်သည်။ သို့ဖြင့် ရုရှားနိုင်ငံ ဇာဘုရင်၏တပ်များသည် ပိုလန်နိုင်ငံ လစ်ဗိုးနီးယားတွင် စုပြုံလာပြီး လပ်ဇာနှင့်ရေဇီနီမြို့တို့၌ အခိုင်အမာတပ်စွဲထားနိုင်သည်။ တစ်ချိန်တည်း၌ပင် ခမဲနစ်စကီးနှင့် မော်စကိုမင်းညီမင်းသား ဘူတာလင်တို့၏ စုပေါင်းတပ်များက ဗိုလီနီးယားကို တိုက်သည်။ နှစ်ကုန်တွင် အော့စထရော့နှင့် ရော့ဗ်နိုတို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

တန်ပြန်ထိုးစစ်

၁၆၅၅ခုနှစ် ဆောင်းရာသီနှင့် နွေဦးရာသီတွင် ဘီလာရုဇ်၌ လစ်သူယေးနီးယားခေါင်းဆောင်ဖြစ်သူ မင်းသား ရက်ဇီဝီလ်က တန်ပြန်ထိုးစစ် စတင်ဆင်နွှဲပြီး အော်ရှာကို ပြန်လည်သိမ်းပိုက်ကာ မိုဂီလ်ယော့ကို ဝိုင်းလိုက်သည်။ သုံးလကြာ ဝိုင်းထားသော်လည်း အခြေအနေမထူးခြားပေ။ ဇန်နဝါရီလတွင် တာတာတို့နှင့် မဟာမိတ်ဖွဲ့စည်းထားသည့် ပိုလန် ဒုတိယတပ်က ဇတ်ကော့မှ ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့ကို ချေမှုန်းလိုက်စဉ် ရှယ်ရမီတက်နှင့် ခမဲနစ်စကီးတို့၏တပ်များက အာဗာတော့မှ ပိုလန်တပ်များကို အပြီးတိုင် ချေမှုန်းလိုက်သည်။

ထိုသို့သော အကျိုးသက်ရောက်မှုများကြောင့် ရုရှားဇာဘုရင်မှာ ထိတ်လန့်လာပြီး ထိုးစစ်ကြီး စတင်ဆင်နွှဲရန် ဆုံးဖြတ်လိုက်သည်။ ထိုးစစ်ကြောင့် လစ်သူယေးနီးယားတပ်များမှာ ခုခံနိုင်စွမ်း မရှိလောက်အောင်ဖြစ်ပြီး ကော့ဆက်နှင့် မင်းသားချာကက်စကီးတို့လက်သို့ မင့်ခ်မြို့ကို ဇူလိုင် ၃ရက်တွင် ထိုးအပ်လိုက်ရသည်။ လစ်သူယေးနီးယားမြို့တော် ဗီးနီးယပ်ကို ဇူလိုင် ၃၁ရက်တွင် ရုရှားတပ်များက သိမ်းလိုက်သည်။ ယင်းနောက် ဩဂုတ်လတွင် ကော့နပ်နှင့် ရော့နိုမြို့တို့ကို ရုရှားတို့ အောင်နိုင်လိုက်သည်။

ကျူးကျော်ဝင်ရောက်

ပိုလန် ဓနသဟာယအဖွဲ့တွင်းသို့ ရုရှားတပ်များ ထိုးဖောက်ချီတက်ခြင်းဖြင့် ဆွီဒင်ဘုရင့်နိုင်ငံက ၁၆၅၅ခုနှစ်တွင် ပိုလန်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်စေသည်။

ယူကရိန်း ကော့ဆက်ခေါင်းဆောင် ခမဲနစ်စကီး ၁၆၅၇ခုနှစ်တွင် ကွယ်လွန်သောအခါ အီဗန်ဗိုင်ဟော့စကီးက ဆက်ခံသည်။ သူသည် ဆွီဒင်ကျူးကျော်မှုကို တွန်းလှန်သည့် ပိုလန်တို့နှင့် မဟာမိတ်ဖွဲ့သည်။ ထိုသို့သောအခြေအနေတွင် ရုရှားဇာဘုရင်က ဆွီဒင်နှင့် နားလည်မှုရယူကာ ၁၆၅၈ခုနှစ် အောက်တိုဘာလတွင် ပိုလန်တပ်များအား ထိုးစစ်ပြန်လည်ဆင်နွှဲသည်။ နှစ်နှစ်ကာလအတွင်း ဘီလာရုဇ် မျိုးမတ်မျိုးနွယ်များနှင့် ကော့ဆက်ခေါင်းဆောင် အများအပြားသည် ဘက်ပြောင်းသွားပြီး ရုရှားတပ်များအား တိုက်ထုတ်ရေး ဘီလာရုဇ်အတွင်း ဆောင်းရာသီထိုးစစ်ဆင်ရာ၌ ပိုလန်တပ်များကို ကူညီသည်။

အထိနာ

၁၆၅၉ခုနှစ်တွင် ဗိုင်ဟော့စကီးနှင့် သူ၏ ခရိုင်းမီးယားတာတာ မဟာမိတ်များက ထရူဘတ်စတွိုင်း၏ တပ်များကို အထိနာအောင်ချေမှုန်းပြီး ကိုနိုတော့ကို ဝိုင်းထားလိုက်သည်။ ယူကရိန်းမှ ထိုအောင်ပွဲများအတွင်း ရုရှားတပ်များအပေါ် ခြိမ်းခြောက်မှုမှာ ဩဂုတ်လတွင် ဘီယက်မှ စတင်ထွက်ခွာသည့် ရှယ်ရမီတက်၏ တပ်ကြောင့်သာ သက်သာရာရသည်။ ဗိုင်ဟော့စကီးမှာ ချီဟီရင်မြို့အနီးတွင် အရေးနိမ့်ပြီး ပိုလန်နိုင်ငံသို့ ထွက်ပြေးသွားစဉ် ကော့ဆက်များက ၎င်းအား ခေါင်းဆောင်နေရာမှဖယ်ရှားပြီး ခမဲနစ်စကီး၏သား ယူရီးကို ယူကရိန်း ကော့ဆက်ခေါင်းဆောင်အဖြစ် တင်လိုက်ကြသည်။

မောင်းထုတ်

၁၆၆၀ပြည့်နှစ်တွင် စစ်ပွဲ၌ ပိုလန်တို့က အရေးသာနေသည်။ အကြီးအကျယ် ထိုးစစ်များဆင်ပြီး ၁၆၆၀ပြည့်နှစ်ကုန်တွင် ဘီလာရုဇ်မှ ရုရှားတပ်များကို မောင်းထုတ်သည်။ စပီချာက ခိုဗန်းစကီးကိုနိုင်ပြီး ရှယ်ရမီတက်မှာ လက်မြှောက်လိုက်ရသည်။ စွမ်းရည်မြင့်မားသည့် ပိုလန်ဗိုလ်ချုပ်ကြီး စတီဗင်ဇာနီစကီက ပိုလွှန်ကာစစ်ပွဲတွင် ဒိုလ်ဂိုရူကော့၏တပ်ကို ချေမှုန်းကာ ဗီးနီးယပ်ကို ၁၆၆၁ခုနှစ်တွင် ပြန်သိမ်းသည်။ ရုရှားဇာဘုရင်သည် ကာဒစ်စာချုပ်ဖြင့် ဆွီဒင်နှင့် စစ်ဖြစ်ရမည့်အရေးကို ရှောင်နိုင်သည်။ ၁၆၆၃ခုနှစ်ကုန်ပိုင်းတွင် ပိုလန်ဘုရင့်တပ်သည် ယူကရိန်း လက်ဝဲဘက်ကို ကျူးကျော်သည့် လမ်းတစ်လျှောက် အခုအခံမရှိ မြို့အများစုကို အောင်နိုင်သည်။ သို့သော် ဇန်နဝါရီလအတွင်း ဂလပ်ကော့မြို့ကို ဝိုင်းသောအခါ မအောင်မြင်နိုင်တော့။ မည်သို့ပင်ဖြစ်စေ ပိုလန်ဘုရင့်တပ်၏ ထိုးစစ်ကြောင့် ၁၆၆၄ခုနှစ် နွေရာသီတွင် ဗီတက်မြို့အနီး၌ ရုရှားတပ်များ အရေးမလှဖြစ်စေခဲ့သည်။

ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲများကိုမူ ၁၆၆၄ခုနှစ်မှသည် ဂျာဇီလူဆိုမာစကီး၏ တော်လှန်ရေးကြောင့် ပိုလန်တို့ မဖြစ်မနေ ငြိမ်းချမ်းရေးကမ်းလှမ်းလာစေသည့် ၁၆၆၇ခုနှစ် ဇန်နဝါရီလအထိ ကြာမြင့်ခဲ့ရသည်။ အင်ဒရူဆိုဗိုစာချုပ်အရ စမိုလင့်ခံတပ်နှင့် အခြားခံတပ်တို့ကို ရုရှားတို့အား ထိုးအပ်လိုက်ရသည်။

စစ်ပွဲအပြီး ရုရှားနိုင်ငံက နယ်မြေပိုင်နက်အများအပြား ရရှိလိုက်ခြင်းကြောင့် အရှေ့ဥရောပတွင် ရုရှားနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် လမ်းစရသွားခဲ့ပါသတည်း။ ။

ကိုးကား-အင်တာနက်

စစ်ပွဲအပြီး ရုရှားနိုင်ငံက နယ်မြေပိုင်နက် အများအပြား ရရှိလိုက်၊ အရှေ့ဥရောပတွင် ရုရှားနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် လမ်းစရ။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်သမ္မတနှင့်ဂျပန်ဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေး

တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်တို့သည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပြင်ပတွင် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း ဂျပန်အရာရှိများက ဇွန် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

ပင်လယ်နီ၌ ငါးဖမ်းခြင်းများ တားမြစ်သင့်

ပင်လယ်နီရေပြင်တွင် တရားမဝင် ငါးဖမ်းမှုများ ပြုလုပ်နေကြခြင်းကြောင့် ငါးမျိုးများပြုန်းတီးပြီး မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများကြောင့် ငါးများ သေဆုံးနေသဖြင့် တားဆီးပိတ်ပင်သင့်ကြောင်း အီဂျစ်အရာရှိများက ဇွန် ၂၈ရက်၌ ပြောကြားသည်။

အစွန်းရေးနှင့် ပါလက်စတိုင်းတို့ ပစ်ခတ်မှုဖြစ်ပွား

ပါလက်စတိုင်းအနောက်ဘက်ကမ်းဒေသ နာဘလပ်မြို့တွင် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းတို့ ပစ်ခတ်မှုဖြစ်ပွားကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင်များတည်ရှိနေမှုကို ဆန္ဒပြနေသည့် ပါလက်စတိုင်းတို့နှင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ဇွန် ၂၈ရက်၌ ပြောကြားသည်။

၂၀၁၁ခုနှစ် ဂျီ-၈ ထိပ်သီးအစည်းအဝေး ပြင်သစ်၌ ကျင်းပမည်

လာမည့် ၂၀၁၁ခုနှစ်တွင်ကျင်းပမည့် ဂျီ-၈ ထိပ်သီးအစည်းအဝေးကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ဂျီ-၈ ခေါင်းဆောင်များကလည်း သဘောတူညီခဲ့ကြကြောင်း ဇွန် ၂၈ရက်၌ ပြင်သစ်အရာရှိများက ပြောကြားသည်။

ကန်စစ်စခန်းများပိတ်ပင်ရန် သမ္မတချာဗက်ဇ်တိုက်တွန်း

ကိုလံဘီယာနိုင်ငံအတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို ပိတ်သိမ်းရန် ကိုလံဘီယာသမ္မတ ဆန်တို့စ်အား ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က တိုက်တွန်းလိုက်ကြောင်း ကိုလံဘီယာအရာရှိများက ဇွန် ၂၈ရက်၌ ပြောကြားသည်။

တိုယိုတာကားများ အရောင်းရပ်ဆိုင်းထားရ

၂၀၁၀ခုနှစ်ထုတ် ဂျပန်တိုယိုတာမော်တော်ယာဉ် lexus HS 250h အမျိုးအစားများတွင် ပြုပြင်စရာများတွေ့ရှိရသဖြင့် ကမ္ဘာ့ဈေးကွက်၌ အရောင်းရပ်ဆိုင်းထားရကြောင်း ဂျပန်အရာရှိများက ဇွန် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံများဖယ်ရှားပြီးဖြစ်

မက္ကဆီကိုပင်လယ်ကွေ့ ရေပြင်တွင် ပျံ့နှံ့လျက်ရှိသော ရေနံများကို ယခုအခါ အားလုံး ရှင်းလင်းဖယ်ရှားပြီးဖြစ်ကြောင်း၊ အနည်းငယ်သာကျန်ရှိတော့ကြောင်း မက္ကဆီကိုအရာရှိများက ဇွန် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

ပီရူးနိုင်ငံ လီမာမြို့အနီး လေယာဉ်ငယ်ပျက်ကျ

ပီရူးနိုင်ငံ လီမာမြို့အရှေ့ဘက်တွင် ဇွန် ၂၈ရက်၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးသေဆုံးခဲ့ကြောင်း လီမာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အိုကီနာဝါကျွန်းကမ်းလွန်၌ လျှော်လှုပ်

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကမ်းလွန်တွင် ဇွန် ၂၈ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၂ရှိ လျှော်လှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။ (အောက်ပုံ) (အင်တာနက်)



ဝန်ကြီး ဦးလှထွန်း ရန်ကုန်တိုင်းရှိအရာထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဇွန် ၂၆ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ စုပေါင်းခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်းများ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ခံ အရာထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာန ဆိုင်ရာအကြီးအကဲများနှင့် အရာထမ်းများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့ အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေ လုပ်ငန်းနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ အရာထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင် ဦးစီးဌာနတို့မှ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ခံ အရာထမ်း များက လုပ်ငန်းလျာထားရည်မှန်းချက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်း တင်ပြကြသည်။

အလေးထား

ထို့နောက် ဝန်ကြီးက စီမံခန့်ခွဲရေး အရာထမ်းများသည် နိုင်ငံတော်၏ ဦးတည် ချက်များ၊ ရည်မှန်းချက်များကို နားလည် သဘောပေါက်ပြီး ရည်မှန်းချက်ပြည့်မီစေ ရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်း ရမည်ဖြစ်ကြောင်း၊ပြောင်းလဲတိုးတက်လျက် ရှိသည့်သတင်းအချက်အလက်နှင့်ဆက်သွယ် ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချ ကြရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် စေတနာထား၍ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီဆောင်ရွက်ကြရန်နှင့် ဌာနများ၏ လုပ်ငန်း အောင်မြင်မှုများ ရရှိနိုင်ရေး အလေးထားကြိုးပမ်းကြရန် မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် မြန်မာနိုင်ငံ တော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ၏ ရုံးအဆောက် အအုံလုံခြုံမှုနှင့် သန့်ရှင်းသပ်ရပ်မှုအခြေ အနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ် သည်များ မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သံတောင်ကြီး၌ ကျင်းပ

သံတောင်ကြီး ဇွန် ၂၈

သံတောင်ကြီးမြို့နယ် သစ်တောဦးစီး ဌာနကကျင်းပသော မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၈ နာရီခွဲက သံတောင်ကြီးမြို့ အဝင်၌ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်နောင်နှင့် အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစောခူးရီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ဗိုလ်မှူးချုပ် မြင့်နောင်**(အပေါ်ဝဲပုံ)**က အမှာစကား ပြောကြားပြီး ပျိုးပင်များ ပေးအပ်ပြီးနောက် ကံ့ကော်ပင်ကိုစိုက်ပျိုးပေးကာ တက်ရောက် လာကြသူများက ပျိုးပင်များကို စုပေါင်း စိုက်ပျိုးကြသည်။ အဆိုပါသစ်ပင် စိုက်ပျိုးပွဲတွင် ထင်းရှူး၊ ခါတော်မီ၊ ချယ်ရီ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ ပနားမားငု စုစုပေါင်း သစ်ပင် ၂၀၀၀ကို စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

စိန်ဂေဟာပါရမီစင်တာ ဆိုင်သစ်ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၈

စိန်ဂေဟာပါရမီစင်တာ ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းနှင့် ဗဟိုလမ်းအတွင်း ပါရမီလမ်းရှိ စိန်ဂေဟာ ပါရမီစင်တာဆိုင်သစ်အဆောက်အအုံဥပစာ၌ ကျင်းပရာ စိန်ဂေဟာမိသားစုမှ ဒါရိုက်တာ များဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအောင်ဇော်မြနှင့် ဒေါက်တာ ဦးထက်ကိုကိုတို့က စိန်ဂေဟာပါရမီစင်တာဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စိန်ဂေဟာပါရမီစင်တာတွင် အဆင့်မြင့်စက်လှေကားများ တပ်ဆင် ထားပြီး အထပ်လေးလွှာဖြင့် ဖွဲ့စည်းထား သည်။

ဖွင့်လှစ်ရောင်းချ

Level -1 တွင် Sky Mart Supermarket နှင့် အလှကုန်ပစ္စည်းဆိုင် များ၊ စားသောက်ကုန်ဆိုင်များ၊ မိုဘိုင်းလ် ဖုန်းဆိုင်များ၊ စာအုပ်ဆိုင်နှင့် လူသုံးကုန် ပစ္စည်းမျိုးစုံတို့ကို ဖွင့်လှစ်ထားသည်။ Level - 2တွင် အမျိုးသား၊ အမျိုးသမီးသုံး နိုင်ငံခြားဖြစ် တံဆိပ်မျိုးစုံဖြင့် ဖက်ရှင် ဒီဇိုင်းစုံ၊ ဖိနပ်မျိုးစုံ၊ Fancy မျိုးစုံနှင့် ပွဲထိုင်အတွက် ပစ္စည်းမျိုးစုံတို့ကို ရရှိနိုင် သည်။ Level-3တွင် ကျန်းမာရေး အတွက် လေ့ကျင့်ခန်းသုံး စက်ပစ္စည်းမျိုးစုံ၊ နိုင်ငံခြား ခရီးဆောင် အိတ်မျိုးစုံ၊ ပရိဘောဂပစ္စည်း မျိုးစုံ၊ ကလေးအသုံးအဆောင်ပစ္စည်းများနှင့် ကလေးကစားစရာ ပစ္စည်းမျိုးစုံတို့ကို ဝယ်ယူနိုင်သည်။ Level - 3A တွင် Beauty Salon ဆိုင်များ၊ နိုင်ငံခြား ဖက်ရှင်ဆိုင်များ၊ အိတ်မျိုးစုံဆိုင်များ၊ ဖိနပ်ဆိုင်များနှင့် ကားပစ္စည်းဆိုင်များကို ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ဖွင့်လှစ်သွားမည်

အပေါ်ဆုံးလေးလွှာတွင် ကလေးကစား ကွင်းများ၊ Game City ၊ စားသောက် ဆိုင်များ၊ iT mall၊ Internet Cafe တို့ကို ဖွင့်လှစ်ထားပြီး လူ ၁၅၀ကျော်ဆံ့ ရုပ်ရှင်ရုံကိုလည်း မကြာမီ Blue Ocean ကုမ္ပဏီက ဖွင့်လှစ်သွားမည်ဖြစ်သည်။

ပိတ်ရက်မရှိ

စိန်ဂေဟာအုပ်စုသည် ရန်ကုန်မြို့ လသာမြို့နယ်တွင် ဖွင့်လှစ်ထားသော စိန်ဂေဟာမှ စတင်ပြီး စိန်ကောင်းဂေဟာ၊ စိန်ဂေဟာစင်ထရယ်၊စိန်ဂေဟာ ပြည်လမ်း စင်တာ၊ စိန်ဂေဟာ (လှည်းတန်း)စင်တာ၊ စိန်ဂေဟာ (ဗိုလ်အောင်ကျော်) တို့ကို ဖွင့်လှစ်ခဲ့ပြီး ယခု ခုနစ်ဆိုင်မြောက်ဆိုင်ခွဲ ဖြစ်သော စိန်ဂေဟာ ပါရမီစင်တာကို ဇွန်၁၆ရက်မှ စတင်ဖွင့်လှစ်ခဲ့ကာ နေ့စဉ် ပိတ်ရက်မရှိ နံနက် ၉နာရီမှ ည၉နာရီအထိ ဖွင့်လှစ်ထားသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချီ

ရန်ကုန် ဇွန် ၂၈

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၄)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ကျေးလက်တောရွာအနှံ့ နေရောင်ခြည်စွမ်းအင်သုံးနိုင်တော့ မည်၊ နေအိမ်ခန်း၊ စက်ရုံအလုပ်ရုံသုံးနှင့် လမ်းမီးနေရောင်ခြည်စွမ်းအင်အတွက်လည်း ဆောင်ရွက်ပေးမည်၊ လျှပ်စစ်မော်တော်ကားလည်း ထုတ်လုပ်လျက်ရှိ စသည့်မျက်နှာဖုံး အထူးသတင်းများ၊ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ကားမျိုးစုံ အစီး ၃၀၀၀ထုတ်လုပ်မည်၊ အဆင့်မြင့်ကားများ ဈေးနှုန်းသက်သာ၊ ပစ္စည်းကောင်းပုံစံလှ ခေတ်မီသဖြင့် လူကြိုက်များ၊ စူပါမားကတ်နှင့် ဟိုက်ပါမားကတ်ဈေးကွက်တွင် ရှေ့ကရပ်တည်နေနိုင် အောင် အများကြီးကြိုးစားရမည် စသည့် အထူးသတင်းဆောင်းပါးနှင့် အထူးသတင်း ဓာတ်ပုံများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ မောင်ထွန်းလွင်(မိုးလေဝသ)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြ ထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မောင်စူးစမ်း ဒီမိုကရေစီ ခရီးစဉ်ငါးမျိုး ဆောင်းပါးအပါအဝင် စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ သတင်း ဆောင်းပါးတို့ကို ဖော်ပြထားသည်။

ထို့အပြင် မည်သူမဆို အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးနိုင်ပြီ၊ နာဂစ်လဲသစ်ပင်များထက် နှစ်ဆကျော်ပိုပြီးစိုက်မည်၊ ထိုင်း-မြန်မာလမ်းမသစ် ဖောက်လုပ်ရေးအဆိုပြု၊ ရန်ကုန်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအား လုပ်ငန်းသုံးမော်တော် ယာဉ် မဲနှိုက်ချထားပေး၊ နေ့စဉ်ပြေးဆွဲနေသော မီးရထားနှင့် မြို့ပတ်ဆင်ခြေဖုံးရထား ၂၀၀ခန့်နှင့် အမြန်ရထား ၁၃စင်း၊ စာပို့လော်ကယ် ငါးစင်းနှင့် ကုန်ရထားနှစ်စင်း ပြေးဆွဲလျက်ရှိ စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

မြန်မာပို့စ်ဂျာနယ် တစ်နှစ်ပြည့်အမှတ်တရအဖြစ် နိုင်ငံတကာ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အမြို့မြို့အနယ်နယ် အိမ်ခြံမြေ ရောင်းဝယ်ငှားသတင်းများပါဝင် သော Property Post အထူးကဏ္ဍနှင့် ကမ္ဘာ့ဖလားသတင်းများကို စုံလင်စွာဖော်ပြ ထားသည့် 2010 World Cup Football အထူးစာမျက်နှာတို့ကို ဖော်ပြထားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2010

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးစွမ်းရည်ပြနှင့်သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကကြီးမှူး၍ ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာ့ ရိုးရာခြင်းလုံးအလှခတ် အကျော်အမော် များ၏ စွမ်းရည်ပြနှင့် သရုပ်ပြပွဲများ ဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၅ရက် ညနေပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားရုံ၌ကျင်းပရာမြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့် **(အပေါ်ပုံ)**ကအဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးရဲအောင်က မြန်မာ့ ရိုးရာ ခြင်းလုံးအလှခတ် အကျော်အမော် များ၏ စွမ်းရည်ပြနှင့်သရုပ်ပြပွဲကို ခြင်းလုံး ခတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် လျှပ်စစ်ကိုသန်းမောင်လေးအဖွဲ့၊ ချိန်လိန်ကိန်း ခြင်းလုံးအားကစားရုံအဖွဲ့၊ ကျောက်မြောင်း ခြင်းလုံးအားကစားရုံအဖွဲ့၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အမှုဆောင်များ ပါဝင် သော ခြင်းလုံးအဖွဲ့၊ ဂန္ထဝင် အောင်နိုင်ဖြိုး အဖွဲ့၊ ခေတ္တရာအောင်အောင်အဖွဲ့၊ ဝါသနာ လုလင် အောင်စိုးမိုးအဖွဲ့၊ အမျိုးသမီး ညွှန့်ပေါင်း လက်ရွေးစင်အဖွဲ့နှင့် အမျိုးသား ညွှန့်ပေါင်း လက်ရွေးစင်အဖွဲ့တို့က သရုပ်ပြခတ်ကစားကြပြီး ရဲဇာနည် သိန်းသိန်းဝင်းနှင့် သီတာဦးတို့ကလည်း တစ်ကိုယ်တော် မြန်မာ့ရိုးရာ ခြင်းလုံး အားကစား စွမ်းရည်များကို သရုပ်ပြကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းက ကြီးမှူး ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၉နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ဥက္ကဋ္ဌ ဦးစံရှိန်က အဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းခိုင်က မူးယစ်ဆေးဝါးဆိုးကျိုးနှင့် အိမ်သုံးဆေးဝါးအန္တရာယ် အကြောင်းကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်ဥပဒေအရာရှိ ဒေါ်အေးမြင့်က မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ဥပဒေများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ရန်ကုန်မူးယစ်(အရှေ့) အထူးအဖွဲ့မှ ဒုတိယရဲအုပ်နေလင်းထွန်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် မူးယစ် ကြီးကြပ်ရေးမှူး ဒေါ်သက်သက်မာက မူးယစ်ဆိုးကျိုးကြောင့် HIV, AIDS ရောဂါ အန္တရာယ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် **အားကစားမြင့်တင် စိတ်လန်းရွှင် ကင်းစင်မူးယစ်ဆေး** ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့် ကြပြီး**(အပေါ်ပုံ)** တာမွေမြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း (၁၅)ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက် အဖွဲ့ချုပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်း အမှတ် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း (၁၅)ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ ဗဟန်း မြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီ ခန်းမ၌ ကျင်းပရာ တက္ကသိုလ်များ ခြေလျင် နှင့်တောင်တက်အသင်း နာယက မြန်မာ နိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး နေစိုးမောင်နှင့် အမှုဆောင်များ၊ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ တက္ကသိုလ်များ ခြေလျင် နှင့်တောင်တက်အသင်းဥက္ကဋ္ဌက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် အသင်းနာယက စာရေးဆရာသိပ္ပံမှူးတင်က ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် တက္ကသိုလ်များ ခြေလျင် နှင့်တောင်တက်အသင်းဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းက တက်ရောက်ခဲ့သော ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီ တိုင်း ခြေလျင်နှင့် တောင်တက်ခရီးစဉ်များ နှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသော နာဂစ်လေဘေးသင့်ကျေးရွာများရှိ လူမှုရေး လုပ်ငန်းများတွင် ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြုလွှာများနှင့် ဂုဏ်ပြုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ပြောကြား

ထို့နောက် ကျောင်းသားဟောင်း ဦးထွန်းလှအောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း မိတ်ဆုံ ဂုဏ်ပြုပွဲ အခမ်းအနားတွင် အသင်း ဥက္ကဋ္ဌဦးမျိုးသန့် ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားစဉ်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)၏ ညွှန်ကြားမှု၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၉နာရီက စန္ဒိမာခန်းမ အထက(၁) မရမ်းကုန်း၌ ကျင်းပရာ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က အဖွင့်အမှာစကားပြောကြားပြီးနောက် ပညာတန်ဆောင် စာတည်းမှူး ဆရာမောင်ကျေးဇူး၊ ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်နိုင်ဝင်း၊ လူမှု ဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ ဦးအောင်ညွန့်တို့က မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံ၊ ဥပဒေ၊ နည်းဥပဒေများနှင့် ကာကွယ်တားဆီးရေးနည်းလမ်းများကို ပညာပေးဟောပြောကြသည်။

ဆုချီးမြှင့်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် မထက်အဉ္ဇာလီ(ပထမ)၊ မချိုးမေ ကိုကို(ဒုတိယ)၊ မစုစုရီ(တတိယ)၊ မရည်မွန်ဦး(အထူးဆု)၊ မခိုင်ယဉ်ဖြိုး(အထူးဆု) ရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **(၁၁၁)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထု၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံ ပြိုင်ပွဲများတွင် ဗဟိုအဆင့်နှင့် တိုင်းအဆင့် တို့၌ ရန်ကုန်တိုင်းမှ ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်း အမှတ် ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖတ်ကြား

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် မြန်မာ နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးထံမှ ပေးပို့ သော သဝဏ်လွှာကို ရန်ကုန်တိုင်း မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ် ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးက ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူ များက ဗဟိုအဆင့်နှင့် တိုင်းအဆင့် ပြိုင်ပွဲ အမျိုးအစားများအလိုက် ဆုရရှိကြသူများ အား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆုရကာတွန်း၊ ပန်းချီနှင့် ပိုစတာလက်ရာများ၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၏ ဆောင်ရွက်ချက် မှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၈

၂၀၁၀ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကြိမ်(၂၀)မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၅ရက် မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆု

ယင်းနောက် အကောင်းဆုံး(ခုံ)ဆုရ တပ်ဖွဲ့ဝင် ၁၂ ဦး၊ အသင်းလိုက်ပထမဆုရ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်း၊ တတိယ ပူးတွဲဆုရ ကယားပြည်နယ်ရဲတပ်ဖွဲ့အသင်းနှင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ ဒိုင်အဖွဲ့ ဂုဏ်ပြုဆုတို့ကို မြန်မာနိုင်ငံ စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးတို့က ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အသင်းလိုက်တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်းအား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ် ချီးမြှင့်သည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ယာဉ်နှင့် လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ စစ်တွေ၌ ပညာပေးဟောပြော

စစ်တွေ ဇွန် ၂၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(စစ်တွေ)မှ ဦးဆောင်ကျင်းပ သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ သိကောင်းစရာများ ပညာပေး ဟောပြောပွဲကို ဇွန် ၁၅ရက်က သံတွဲမြို့ အထက(၁)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဦးထွန်းအေးလှိုင်က **(အောက်ပုံ)** ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်၊ ယာဉ်တိုက်ခိုက်မှုဖြစ်ရခြင်း အကြောင်းအရာများကို လည်းကောင်း၊ စစ်ဆေးရေးမှူး(၃) ဦးပေါ်ကက်က လမ်းညွှန်အမှတ်အသားနှင့် အဓိပ္ပာယ်၊ စက်ဘီး၊ ဆိုက်ကား၊ လမ်းလျှောက်သူ၊ ဆိုင်ကယ်စီးသူများလိုက်နာရန်အကြောင်း အရာများကိုလည်းကောင်း ဟောပြောကြ သည်။ အခမ်းအနားသို့ ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူ ၄၀၀ကျော် တက်ရောက်သည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇွန် ၂၈

သစ်တောတက္ကသိုလ်(ရေဆင်း) အာစရိယပူဇော်မည်

သစ်တောတက္ကသိုလ် (ရေဆင်း)၏ ၁၉၉၁ မှ ၁၉၉၅ ခုနှစ်အထိ သစ်တော ပညာတွဲ့ရ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇူလိုင် ၂၆ရက်တွင် သစ်တောတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်း များ တက်ရောက်ရန် နိုးဆော်ထားသည်။

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး) မြတ်ဆရာပူဇော်မည်

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး)တွင် ၂၀၀၀ ပြည့်နှစ်အထိ ပညာ သင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉ နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၀၄၃၄၉နှင့် ၂၉၈၂၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စက်မှု(၁) ဈေးရောင်းပွဲတော်ခင်းကျင်းထား

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများမှထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဘောလုံးကွင်း၌ ဇူလိုင် ၁ ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။

မြို့ပြအင်ဂျင်နီယာ မြတ်ဆရာပူဇော်ပွဲလှူဒါန်းနိုင်

နှစ်နှစ်လျှင်တစ်ကြိမ်ကျင်းပသော ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းဆင်းနှစ် ပေါင်းစုံ မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို လာမည့်ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၂၁-၃၀၄၃၀၊ ၀၉-၅၀-၆၃၁၀၇နှင့် ၀၉-၅၀-၁၀၃၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပန်းအလှပြုပြင်မှုသင်တန်း တက်ရောက်နိုင်

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အဆင့်မြင့်ပန်းအလှ ပြုပြင်မှုသင်တန်းကို အခြေခံသင်တန်းဆင်းပြီးသူ ၃၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ ရင်ပြင်အတွင်းရှိ အသင်းရုံး၌ ဇူလိုင် ၂၀ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အသက်ရာကျော်ဘိုးဘွားများ ပူဇော်ပွဲကျင်းပမည်

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့တည်ထောင်ခြင်း (၁၃)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် (၁၀၀)နှင့်အထက် ဘိုးဘွားများအားပူဇော်ပွဲကို ဇူလိုင် ၂၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၇၅၆၅၂နှင့် ၀၉-၈၀-၂၂၄၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာနိုင်ငံဆေးကောင်စီ အစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံဆေးကောင်စီ၏ ဗဟိုဦးစီးအစည်းအဝေးကို ဇူလိုင် ၂၆ရက် (တနင်္လာ နေ့) နံနက် ၁၀နာရီတွင် အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဆေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြန်မာနိုင်ငံဆေးကောင်စီဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အထက်မင်းလှမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၁၁ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းဈေးအနီးရှိ မင်းလှမွေ့ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

သရုပ်ဆောင်သင်တန်းတက်ရောက်နိုင်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ၁/၂၀၁၀ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် သင်တန်းကို လာမည့်ဩဂုတ် ၂ရက် (တနင်္လာနေ့)တွင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်း တက်ရောက်လိုသူများ အမှတ် ၁၆ ဝင်္ကပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၄၂၇၀နှင့် ၅၄၄၂၇၁တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရ သည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန်၂၅ရက်က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ရေးမြို့ ကျုံးပတ်လမ်း၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်သက်သက်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက သစ်ပင်များစိုက်ပျိုး ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

29-6 (07).pmd 1 6/29/2010, 2:06 AM



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၁) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားရေးလမ်းကြောင်းသည် မိမိတို့ရှေ့မှောက်တွင် ဖြောင့်ဖြူးစွာပေါ်လွင်လျက်ရှိ

ခလုတ်တံသင်းများအား ပြည်သူ့စွမ်းအားဖြင့် ပူးပေါင်းတွန်းလှန်ဖယ်ရှား

ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ မိမိတို့ကျရာအခန်းကဏ္ဍက ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၈

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိင်္ခခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဒုတိယဝန်ကြီးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလ၌ ကမ္ဘာ့နိုင်ငံအသီးသီးသည် ပြောင်းလဲတိုးတက်နေသော နည်းပညာများကို ရယူနိုင်ပြီး မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေး အရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ရယူပိုင်ဆိုင်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ဤအရင်းအမြစ်များအနက် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်အရှိဆုံးဖြစ်သည်နှင့်အညီ အရည်အသွေးမြင့်မားသော နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များအား ပညာရေးကဏ္ဍမှ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြား

ယနေ့ကာလ သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်တွင် ရပ်တန့်မနေဘဲ နေ့စဉ် လူမှုစီးပွားရေးဘဝ အတွင်း လွှမ်းမိုးကြီးစိုးလာသည့်အတွက် ပညာရေး၏ ဦးတည်ချက်မှာလည်း လက်တွေ့လူမှုဘဝတွင် အသုံးပြုနိုင်ရန် အဓိကကျလျက်ရှိကြောင်း၊ ပညာရေးနယ်ပယ်သည် ကျောင်းပရဝဏ်ကို ကျော်လွန်လာသည်နှင့်အမျှ ယနေ့အချိန်အခါတွင် ဆရာ ဆရာမများ အနေဖြင့် မိမိတို့၏တပည့် ကျောင်းသား ကျောင်းသူများအား ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအကျိုးအတွက် လက်တွေ့အကျိုးရှိရှိ အသုံးချနိုင်ရေး ဦးတည်ချက်ဖြင့် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများ ကိုယ်တိုင်ကလည်း မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကျရာကဏ္ဍမှ အထောက်အကူပြုရင်း မိဘပြည်သူတစ်ရပ်လုံး အတွေးအမြင် အသိပညာ ပြည့်စုံကြွယ်ဝစေရေးအတွက် ပညာရေးဖြင့် ရှေ့ဆောင်မှုပေးကြရမည် ဖြစ်ကြောင်း။

အဓိကအားဖြင့် မိမိတို့၏တပည့် ကျောင်းသား ကျောင်းသူ လူငယ်များနှင့် မိဘပြည်သူများအား နိုင်ငံတော် အစိုးရ၏ အနာဂတ်ကိုမျှော်မှန်းသည့် တိုင်းကျိုးပြည်ပြု ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝအခြေခံများ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ပညာရည်မြင့်မားသည့် လူမျိုးများအဖြစ် ထာဝရ ရပ်တည်နိုင်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ စသည့် နိုင်ငံတော်အစိုးရ၏ ကောင်းမြတ်သော စိတ်စေတနာနှင့် ဖြောင့်မတ်သော ကြိုးပမ်းဆောင်ရွက်မှုများကို သိမြင်စေရေးအတွက် အခါမလပ် ပညာပေးစည်းရုံးပြီး တိုင်းကျိုးပြည်ပြု လုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ပူးပေါင်းပါဝင်

ထို့အပြင် နိုင်ငံတော်အစိုးရ၏ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းဆောင်တာများတွင် ဆရာ ဆရာမများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း မိမိတို့၏ ကျောင်းသား ကျောင်းသူ လူငယ်များအား နိုင်ငံတော်သစ်နှင့်ထိုက်တန်သည့် နိုင်ငံ့သားကောင်း အရည်အသွေးများ၊ နိုင်ငံကြီးသား စိတ်ဓာတ်များ ပြည့်စုံစေရေးအတွက် လေ့ကျင့် သင်ကြားပေးကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

အမွေခံကောင်းများ

တစ်ဆက်တည်းမှာပင် ဆရာ ဆရာမများအနေဖြင့် မိမိတို့ တာဝန်ကျရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဖော်ဆောင်ခြင်းဖြင့် လက်ရှိကာလ ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းများ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာမှာဖြစ်သကဲ့သို့ အနာဂတ်ကာလတွင်လည်း မျိုးဆက်သစ်များထံ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်သည့် ခေတ်မီနိုင်ငံတော်အဖြစ် သမိုင်းရေး အမွေခံကောင်းများဖြင့် လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း။

အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရ အနေဖြင့် အနာဂတ်ကာလတွင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကို ဦးတည်ပြီး လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို ဖော်ဆောင်နေသည့်နည်းတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အခွန့်ရှည်

ယနေ့ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အခွန့်ရှည် တည်တံ့ခိုင်မြဲမှုကို အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်ပေးနေမှုများ၊ ဤအခြေခံကောင်းများ၏ စွမ်းအားဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍ အပါအဝင် ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည် ဖော်နေမှုများကို ဆည်းပူး လေ့လာကြရမည်ဖြစ်သည့်အတွက် သင်တန်းသား ဆရာ ဆရာမများအနေဖြင့် အမျိုးသားရေးအမြင်၊ လူမှုရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များဖြင့် လေ့လာကြရမည်ဖြစ်ကြောင်း။

ပေါ်လွင်လျက်ရှိ

ယခုကဲ့သို့ လေ့လာမှုများမှတစ်ဆင့် ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လျှောက်လှမ်းရမည့် အမျိုးသားရေးလမ်းကြောင်းသည် မိမိတို့ ရှေ့မှောက်တွင် ဖြောင့်ဖြူးစွာ ပေါ်လွင်လျက်ရှိနေပြီဖြစ်သည်ကို ဆရာ ဆရာမများအနေဖြင့် တွေ့မြင်ကြရမှာ ဖြစ်ကြောင်း။

တွန်းလှန်ဖယ်ရှား

ဤအမျိုးသားရေး လမ်းကြောင်းတစ်လျှောက် တွေ့ရှိလာမည့် ရန်ဆူးရန်ငြောင့် ခလုတ်တံသင်းများအား ပြည်သူ့စွမ်းအားဖြင့် ပူးပေါင်းတွန်းလှန်ဖယ်ရှားရင်း ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်မတ်မတ် ဆက်လက်လျှောက်လှမ်းသွားကြရာတွင် မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာ ဆရာ ဆရာမ ၁၅၀၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

○ *ရှေ့ဖုံးမှ*

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

---

* *ကျောဖုံးမှ*

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းသူများ၊ အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း ပန်းဖွားအကအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အရိုးအထူးကုဆေးရုံကြီး ဝင်ပေါက်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်တို့က အရိုးအထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အရိုးအထူးကုဆေးရုံကြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယတိုင်းမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးရုံအုပ်ကြီးတို့က အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် အရိုးအထူးကုဆေးရုံသစ်ကြီးရှိ လူနာစမ်းသပ်ခန်း၊ ဆရာဝန်အခန်း၊ သူနာပြုအခန်း၊

နေပြည်တော် ဇွန် ၂၈

နေပြည်တော်-ဆင်သေ (တပ်ကုန်း)-ပင်လောင်းရထားလမ်း

ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်း ကြည့်ရှု

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-ဆင်သေ (တပ်ကုန်း) - ပင်လောင်းရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကွန်ရက်သဖွယ်

ထို့နောက် ဝန်ကြီးက အဆိုပါရထားလမ်းသည် နေပြည်တော်မှ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို တိုက်ရိုက်ဆက်သွယ် သွားလာနိုင်သဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရရှိစေမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းအားလုံးသည် ကွန်ရက်သဖွယ် သွားလာနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကို ဗဟိုပြုသော ရထားလမ်းပိုင်းများကို ဖောက်လုပ်ပေးခဲ့ပြီး ယခုထပ်မံ

သတိပေးနိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ်ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၂၈

နှစ်ပေါက်တစ်ပေါက်ရိုက်တဲ့ ကန်ထရိုက်တွေသတိထား သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ (၂) အမှတ်စဉ် (၃၄)ကို ယနေ့ဖြန့်ချိလိုက်သည်။

ရွေးကောက်ပွဲဆိုတာ ပြည်သူတွေရဲ့ တာဝန်ကကြီးတယ် လူမှန်ပါတီမှန် ရွေးချယ်နိုင်ဖို့လိုတယ်ဆိုတဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အပြောင်းအလဲလုပ်ချင်လို့ ရွေးကောက်ပွဲဝင်ရတာဆိုတဲ့ ဒီမိုကရက်တစ်(မြန်မာ)ပါတီဥက္ကဋ္ဌ ဦးသုဝေနှင့် တွေ့ဆုံခြင်း၊ မိမိကိုယ်ကိုအဆုံးစီရင်သော မိန်းကလေးတစ်ဦးအား ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန ကယ်ဆယ်ရေးအဖွဲ့မှကယ်တင်၊ ဆရာဝန်၊ လူနာ၊ လူနာရှင်၏ အားကိုးမှုနှင့် သမားကျင့်ဝတ်၊ Online Smart Card စတင်သုံးစွဲခွင့်ပြု၊ ဝယ်လိုအား ရောင်းလိုအားမရှိသော်လည်း မြန်မာ့ရွှေဈေးများ ကမ္ဘာ့ရွှေဈေးနှင့်အပြိုင် စံချိန်တင်မြင့်တက်၊ နေ့စားအလုပ်သမားတစ်ဦး မြေအောက်ရေမြောင်း ရှင်းလင်းရာက ရေနစ်၍သေဆုံး၊ အထည် Export သုံးပုံတစ်ပုံကို ဂျပန်နိုင်ငံသို့ တင်ပို့နေရ၊ စက်သုံးဆီအရောင်းဆိုင်များ ဆီဂါလန်ပြည့်ဝပြီး ဝယ်သူ ယုံကြည်စိတ်ချမှုရှိရန်လိုအပ်၊ ရခိုင်ပြည်နယ်အတွင်းရှိ လတ်တလော ဆန်ဈေး အခြေအနေ၊ မင်္ဂလာဈေး ပြန်လည်ပြုပြင်ရာတွင် တတိယထပ်ခေါင်မိုးမှ စတင်ပြုပြင်မည်၊ မြန်မာပုဂ္ဂလိက လေကြောင်းကုမ္ပဏီများ လေယာဉ်များ ဝယ်ယူတိုးချဲ့ပြေးဆွဲရန်ရှိ၊ အီရန်ကိုတိုက်ဖို့ အစ္စရေးခြိမ်းခြောက်မှုက ပင်လယ်ကွေ့မှာ နျူကလီးယားစစ်ပွဲဖြစ်ပွားဖို့ မီးထိုးပေးနေတာလား၊ အီရန်ဘာကြောင့် နျူကလီးယားဗုံး လိုအပ်နေသလဲ၊ မြောက်ကိုရီးယားက ဟိုက်ဒရိုဂျင်ဗုံး ထုတ်လုပ်ရန်ကြိုးစားနေသလား၊ အမေရိကန်က အီရန်အန္တရာယ်ကိုရင်ဆိုင်ရန် စစ်သင်္ဘော ၁၁စင်း ပါရှန်ပင်လယ်ကွေ့သို့စေလွှတ်၊ အီရန်နှင့် စစ်ဖြစ်ရေးကို အမှန်အဖြစ် သက်သေပြနိုင်ရန် အယောင်ဆောင်တိုက်ခိုက်မှု တွေပြုလုပ်နိုင် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိ လိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ ***(သတင်းစဉ်)***

ယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ က်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြု နပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာ ပညာအထက်တန်းကျောင်း ပန်းဖွားအကအဖွဲ့နှင့် ်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကြီး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော် ရုံကြီး ဝင်ပေါက်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာ ကျော်မြင့်၊ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် ဒုတိယ န်းအောင်တို့က အရိုးအထူးကုဆေးရုံကြီးကို ဖဲကြိုး ၌။

ဗိုလ်ချုပ်တင်ငွေက အရိုးအထူးကုဆေးရုံကြီး ဖွင့်ပွဲ ွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ တိုင်းမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးရုံအုပ်ကြီး က်ဖျန်းကြသည်။

ဖြည့်ဆည်းဆောင်ရွက်

၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် အရိုး ူနာစမ်းသပ်ခန်း၊ ဆရာဝန်အခန်း၊ သူနာပြုအခန်း၊ စာကြည့်ခန်း၊ ဓာတ်ခွဲခန်းများ၊ X-ray ဓာတ်မှန်စက်များ တပ်ဆင်ထားရှိမှု၊ အထူးခန်းများ၊ လူနာကုသခန်းများ၊ ဆေးသိုလှောင်ခန်းများ၊ ခွဲစိတ်ခန်းမများတွင် စက်ကိရိယာများ တပ်ဆင်ထားရှိမှု၊ အထူးကြပ်မတ်ကုသခန်း ပြင်ဆင်ဖြည့်ဆည်းထားရှိမှုများနှင့် လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်လှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ဖွင့်လှစ်ခဲ့သည့် မန္တလေး အရိုးအထူးကုဆေးရုံကြီးကို နိုင်ငံတော်က အကုန်အကျခံကာ ဆောက်လုပ်ခဲ့ပြီး ယခုအခါတွင် ပြည်သူလူထုအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ပြီဖြစ်သည်။

အခမဲ့တပ်ဆင်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် နံနက် ၉နာရီတွင် ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန အခမဲ့ဆေးကုသရေးအဖွဲ့၏ လူနာမှတ်တမ်းနှင့် ဆေးမှတ်တမ်းဆောင်ရွက်နေမှု၊ အထွေထွေရောဂါ စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ သွားနှင့်ခံတွင်း ကုသပေးနေမှု၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ စမ်းသပ်စစ်ဆေး ကုသပေးနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး အားပေးကြပြီး လာရောက်ကုသမှုခံယူကြသော လူနာများအား ရင်းနှီးစွာနှုတ်ဆက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မျက်မှန်လိုအပ်သော လူနာများအား မျက်မှန်များကို အခမဲ့တပ်ဆင်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရိုးအထူးကုဆေးရုံကြီး

မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါ အောင်မြင်မှုရရှိရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးကဏ္ဍအခက်အခဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဝိုင်းဝန်းဖြေရှင်း

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကို၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဦးတင်ထွတ်က အဖွင့် အမှာစကား ပြောကြားရာတွင် (၉)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် (၄)ကြိမ်မြောက် ASWGAC အစည်းအဝေးများကို ၂၀၀၂ခုနှစ်တွင် ပထမအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ လက်ခံကျင်းပခဲ့ပြီး ယခု (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ASWGAC အစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်း ဖြစ်ပါကြောင်း၊ အားလုံး၏ စဉ်ဆက်မပြတ် အားပေးကူညီမှု၊ မပျက်မကွက် တက်ရောက်ကြမှုများကို ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ ကိုယ်စားလှယ်များအားလုံး မြန်မာနိုင်ငံ၌ နေထိုင်စဉ်အတွင်း ပျော်ရွှင်ချမ်းမြေ့သော အမှတ်ရဖွယ်များဖြစ်စေပြီး အစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေး အကြံပြုချက်များကိုလည်း ဆက်လက် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေး ကဏ္ဍသည် အာဆီယံနိုင်ငံများတွင် အဓိကကျသည့် ကဏ္ဍကြီးတစ်ခုဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်အနည်းငယ်မှစပြီး အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၌ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် စိုက်ပျိုးရေး သမဝါယမအသင်းများ ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြပါကြောင်း၊ ထို့အပြင် အာဆီယံနိုင်ငံအစိုးရများ၏ အားပေးကူညီမှုဖြင့် စိုက်ပျိုးရေး သမဝါယမများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အာဆီယံနိုင်ငံ အသီးသီးမှသည် အာဆီယံဒေသကြီး တစ်ခုလုံး၏ စီးပွားရေးတွင် ကျယ်ပြန့်စွာ ပါဝင်လာနိုင်ခဲ့ပါကြောင်း။

ထည့်သွင်းထုတ်ပြန်

ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များကို ကြည့်မည်ဆိုလျှင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျား/မ ခွဲခြားမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းနိုင်ရေးကို ကြေညာချက် တစ်ရပ်အဖြစ် ထည့်သွင်းထုတ်ပြန်ခဲ့ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များတွင် ရည်မှန်းချက် ရှစ်ခု၊ ပန်းတိုင် ၁၈ခုနှင့် အညွှန်းကိန်း ၄၈ခု ပါဝင်ပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များအနက် ရည်မှန်းချက် ခုနစ်ခုသည် ဆင်းရဲနွမ်းပါးမှု လျှော့ချအောင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံက ဆောင်ရွက်ရမည်ဖြစ်ပြီး နောက်ဆုံး ရည်မှန်းချက်မှာ ပထမရည်မှန်းချက် ခုနစ်ခုအောင်မြင်အောင် ကမ္ဘာ့တစ်ဝန်းလုံးက ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဦးတည်ထား

ASEAN Vision 2020 ကို ကြည့်မည်ဆိုလျှင်လည်း တည်ငြိမ်ပြည့်စုံပြီး လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ရှိသော အာဆီယံ စီးပွားရေးဒေသကြီးကို ဖန်တီးရန်၊ ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းနိုင်စေရန်၊ တစ်ပြေးညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် လူမှုစီးပွားရေး ကွာဟချက်များ ကျဉ်းမြောင်းစေရန် ဦးတည်ထားပါကြောင်း။

အရေးပါ

စိုက်ပျိုးရေး သမဝါယမအသင်းများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ လူနေမှုဘဝ မြင့်မားရေး၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးတို့တွင် အရေးပါသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြန်မာ့သမဝါယမ လှုပ်ရှားမှုကို ကြည့်မည်ဆိုလျှင် စိုက်ပျိုးရေး သမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည့်အတွက် အောင်မြင်မှုရရှိအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ အာဆီယံဒေသတွင်း စိုက်ပျိုးရေး သမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌လည်း ACEDAC ဘုတ်အဖွဲ့အနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိပါကြောင်း၊ ထို့ကြောင့် ယခုကျင်းပသည့် အစည်းအဝေးများ အောင်မြင်စွာပြီးစီးစေရေးနှင့် အကျိုးဖြစ်ထွန်းစေရေးအတွက် အာဆီယံဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

အကောင်အထည်ဖော်

မိမိတို့ မြန်မာနိုင်ငံ စိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလိုအပ်ချက်သည် အရေးကြီးကြောင်း၊ တောင်သူလယ်သမား အသင်းသားများ၏ စိုက်ပျိုးရေးတွင်လိုအပ်သော ငွေကြေးများကို သမဝါယမဝန်ကြီးဌာန၏ စီမံမှုဖြင့် ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ဆောင်ရွက်လျက်ရှိပြီး ဗဟိုသမဝါယမအသင်းအနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေရန် အသေးစားငွေကြေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံ စီးပွားရေးရပ်ဝန်း (ASEAN Economic Community) ၏ အဓိကအရေးပါသည့် မျှော်မှန်းချက်များကို ကြည့်မည်ဆိုလျှင်လည်း စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေး သမဝါယမများ၏ ထွက်ကုန်ပစ္စည်းများ ဈေးကွက်ကျယ်ပြန့်စွာရရှိရေးတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပူးပေါင်းလက်တွဲ

ထို့ကြောင့် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များ၊ ASEAN Vision 2020 နှင့် အာဆီယံဒေသတွင်းရှိ စိုက်ပျိုးရေး သမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံစီးပွားရေးရပ်ဝန်း၏ မျှော်မှန်းချက်များ အောင်မြင်ရေးတို့အတွက် အာဆီယံနိုင်ငံအသီးသီးက ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဆုမွန်ကောင်းတောင်း

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများသည် အာဆီယံဒေသတွင်း စိုက်ပျိုးရေး သမဝါယမများ ခိုင်မာတောင့်တင်းရေးအတွက် အင်အားတစ်ရပ်ဖြစ်မည်ဆိုသည်ကို ယုံကြည်ပါကြောင်း၊ ထို့ကြောင့် (၄)ကြိမ်မြောက် အာဆီယံ စိုက်ပျိုးရေး သမဝါယမများ စီးပွားရေးဖိုရမ်၊ (၁၇)ကြိမ်မြောက် အာဆီယံ စိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဘုတ်အဖွဲ့ အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံ စိုက်ပျိုးရေး သမဝါယမများ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ အစည်းအဝေးများ အောင်မြင်စွာကျင်းပပြီးစီးရေးနှင့် နေပြည်တော်၌ နေထိုင်စဉ်အတွင်း စိတ်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးတင်ထွတ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အမရဟိုတယ်ရှိ Majestic ခန်းမ၌ ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးများကို ဇွန် ၃၀ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ဆင်သေ (တပ်ကုန်း)-ပင်လောင်းရထားလမ်း ဆောင်ရွက်ပြီးစီးမှု

ဆောင်ရေးဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာအနီးရှိ နေပြည်တော်-ဆင်သေ (တပ်ကုန်း)- ပင်လောင်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာ ဦးဇော်မင်းဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နေပြည်တော်တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမကြီးကိုဖြတ်သန်း၍ စက်ယန္တရားများဖြင့် ရထားလမ်း မြေသားတာပေါင်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးတင်စိုး ...မှု အခြေ... အနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကွန်ရက်သဖွယ်

ထို့နောက် ဝန်ကြီးက အဆိုပါ ရထားလမ်းသည် နေပြည်တော်မှ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို တိုက်ရိုက်ဆက်သွယ် သွားလာနိုင်သဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရရှိစေမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းအားလုံးသည် ကွန်ရက်သဖွယ် သွားလာနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကို ဗဟိုပြုသော ရထားလမ်းပိုင်းများကို ဖောက်လုပ်ပေးခဲ့ပြီး ယခုထပ်မံ၍ နေပြည်တော်မှ ရှမ်းပြည်နယ် ပင်လောင်းမြို့သို့ ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် အောင်ပန်း-လွိုင်ကော် ရထားလမ်းပေါ်ရှိ သစ်ပင်ကြီးရပ်စခန်းနေရာအား နေပြည်တော်-ပင်လောင်းလမ်းပေါ်ရှိ ဘူတာအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်၊ ဘူတာတည်ဆောက်မည့်မြေနေရာနှင့် ဘူတာယာဒ်ဝင်းတို့ကို စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။



● ကျောဖုံးမှ

ဇွန် ၂၆ရက် ညနေ ၄နာရီ ၂၅မိနစ်ခန့်တွင် ဆင်ဖြူတော်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းဆင်ဖြူတော်မှာ အသက် ၃၈နှစ်ခန့်ရှိ ဆင်မဖြစ်ပြီး အရပ် ၇ပေ ၄လက်မရှိကာ လုံးပတ်မှာ ၁၀ပေ ၁၁လက်မရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆင်ဖြူတော်

ရခိုင်ပြည်နယ်အတွင်း ဖမ်းဆီးရမိသည့် ဆင်ဖြူတော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

■ *ရှေ့ဖုံးမှ*

တိုးတက်

ထိုငြိမ်းချမ်းရေး အသီးအပွင့်များနှင့် အတူ လမ်းနှင့်တံတားများ တည်ဆောက် ပေးနိုင်ခဲ့ခြင်းကြောင့် ပြည်သူတို့အနေဖြင့်



" လေယာဉ်ကွင်း အထူး အဖွဲ့ (၂)အနေဖြင့် ဒီလမ်းပိုင်းမှာ သုံးမိုင် တာဝန်ယူ ဖောက်လုပ်ပေးခဲ့ ပါတယ်"

ဦးမျိုးချစ်
အငယ်တန်း အင်ဂျင်နီယာ(၁)။

နိုင်ငံတစ်နံတစ်လျား ခရီးသွားလာရေး လွယ်ကူ အဆင်ပြေနေကြပြီဖြစ်သည်။ ထို့အပြင်တစ်ပါး လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာ၍ ဒေသအသီးသီး ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကဏ္ဍများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက် ရှိပေသည်။

ဖွင့်လှစ်

ယခုတစ်ဖန် ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေဖြင့် နေပြည်တော် ပျဉ်းမနား- ပင်လောင်းလမ်းမှ (ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းကို ဖောက်လုပ်ခဲ့ရာ မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

တည်ဆောက်

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် မကြာမီက ထိုလမ်းပိုင်း တည်ဆောက် ဖောက်လုပ်ပြီးစီးနေမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့်သွားရောက် တွေ့ဆုံ မေးမြန်းခဲ့သည်။

ဦးစွာ နေပြည်တော်တပ်ကုန်းရှိ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးအောင်ကိုဦးနှင့် တွေ့ဆုံခဲ့ရာ "ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းကို နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ နေပြည်တော်နဲ့ ပင်လောင်း ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ၂၀၀၉ ခုနှစ် ဇွန်လမှစပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူးအဖွဲ့ (၁၃)၊ နေပြည်တော် ခရိုင်အဖွဲ့၊ အဆောက်အအုံ အထူးအဖွဲ့(၅)နှင့် လေယာဉ်ကွင်း အထူး အဖွဲ့(၂)တို့က အပိုင်းလိုက် တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ လမ်း လုပ်ငန်းတစ်ခုလုံးကိုတော့ ဒုတိယ အင်ဂျင်နီယာချုပ် ဦးသိန်းဇော်က အနီးကပ်ကြီးကြပ် ကွပ်ကဲပြီး ဖောက်လုပ် တည်ဆောက်ခဲ့ ခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

နေပြည်တော်ပျဉ်းမနား-ပင်လောင်း လမ်း (ကင်းသာ-ကိုးကွေ့)လမ်းအပိုင်းကို ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၇၁/၄)မှ အရှေ့ဘက် ရှမ်းရိုးမဆီသို့ ဖြာထွက်ဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းပိုင်းဟာ နေပြည်တော်တပ်ကုန်းမြို့ ကင်းသာလမ်းခွဲမှစတင်ပြီး ပင်လောင်း မြို့နယ် ကိုးကွေ့အထိ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဖောက်လုပ်ခဲ့တဲ့ လမ်းအရှည်မိုင် ကတော့ ၂၀မိုင် ၃ဖာလုံရှိ ၁၈ပေအကျယ် ကတ္တရာလမ်း ဖြစ်ပါတယ်။ ဒီလမ်းဟာ မူလ နေပြည်တော် ပျဉ်းမနား-ပင်လောင်း လမ်းကို ဆက်စပ် ဖောက်လုပ်ခဲ့ခြင်းဖြစ်လို့ ကင်းသာလမ်းခွဲမှ ပင်လောင်းမြို့အထိ ၆၉မိုင် ရှိလာပါတယ်။

ရာနှုန်းပြည့်

"ဒီလမ်းပိုင်း စတင်ဆောင်ရွက်တဲ့ နေရာမှာ လမ်းအကြိုအင်ဂျင်နီယာ လုပ်ငန်း များ ဆောင်ရွက်ခြင်း၊ ပေ ၄၀အကျယ် မြေကြီး တာပေါင် လုပ်ငန်းများဆောင်ရွက် ခြင်း၊ ယင်းနောက်မှာတော့ အခြေခံလွှာ အဖြစ် ၂၂ပေ အကျယ် ကျောက်လမ်းစီ ခင်းခြင်း၊ တစ်ဖန် ယင်းအပေါ်မှ ၁၈ပေ အကျယ် ကတ္တရာလမ်းအဖြစ်ခင်းခြင်းစတဲ့ လုပ်ငန်းအဆင့်ဆင့်ကို စနစ်တကျ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအခါမှာတော့ ရာနှုန်းပြည့် ပြီးစီး နေပြီဖြစ်တဲ့အတွက် မကြာမီဖွင့်လှစ်နိုင် တော့မှာ ဖြစ်ပါတယ်"ဟု ဦးအောင်ကိုဦး က ဆက်လက် ရှင်းပြသည်။

"လေယာဉ်ကွင်း အထူးအဖွဲ့ (၂) အနေနဲ့ ဒီလမ်းပိုင်းမှာ လုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ ရတဲ့အဖွဲ့ပါ။ စုစုပေါင်း သုံးမိုင်တာဝန်ယူ ဆောက်လုပ်ခဲ့ပါတယ်။ ၂၀၁၀ခုနှစ် မတ်လမှစပြီး လုပ်ငန်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အချောသပ် လုပ်ငန်းများသာ ဆောင်ရွက်ရန် ကျန်ပါတော့တယ်"ဟု အငယ်တန်းအင်ဂျင်နီယာ(၁) ဦးမျိုးချစ်က ရှင်းပြသည်။

အဓိကလမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဤလမ်းကိုအဆင့်မြှင့်တင်ဖောက်လုပ်ခဲ့ရာတွင် လမ်းပိုင်းသာမက လမ်းတစ်လျှောက် တံတားများနှင့် ရေမြောင်းများကိုပါ ထည့်သွင်း တည်ဆောက်ရသည်။ အကြီးဆုံးတံတား မှာ လိန်းလီကြိုးတံတားကြီးပင်ဖြစ်သည်။ ဤကတ္တရာလမ်းမကြီးကို ခရီးသည်တင် ဘတ်စ်ကားများ ပြေးဆွဲနိုင်သည်အထိ ဖောက်လုပ်ထားခြင်းကြောင့် မကြာမီ ကာလတွင် နေပြည်တော်နှင့် ပင်လောင်း မြို့အကြား တိုက်ရိုက်ပြေးဆွဲသော ဘတ်စ်ကားများ ရှိလာတော့မည် ဖြစ်သည်။ ဤလမ်းသည် မြေပြန့်နှင့် တောင်ပေါ် ဒေသကို ဆက်စပ်ပေးရာ အဓိကလမ်း တစ်လမ်းလည်း ဖြစ်လာမည် ဖြစ်သည်။

ထိုလမ်းကို အသုံးပြုလျက် နေပြည်တော်မှ ပင်လောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်နိုင် မည် ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ကယား ပြည်နယ် လွိုင်ကော်မြို့အထိပါ ခရီး ဆက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားရောက်ကြမည့် ခရီးသွား တို့အနေဖြင့် မြရောင်လွှမ်းသော လယ်ကွင်းပြင်များ၊ ကျောက်စိမ်းရောင် တောင်တန်းကြီးများ၊ စိမ့်စမ်း ရေ တံခွန်များ၊ တောအုပ် တောတန်းများ ကို သာယာရှုမောဖွယ် တွေ့ရမည်ဖြစ် သကဲ့သို့ ရေပူစမ်း အပန်းဖြေစခန်း တွင်လည်း အနားယူ အပန်းဖြေနိုင်ကြမည် ဖြစ်သည်။

နိုင်ငံတော်က နိုင်ငံတစ်ဝန်း လမ်း နှင့် တံတားကြီးများ၊ တိုင်းရင်းသား ပြည်သူများ၏ ခရီးသွားလာမှု လွယ်ကူ



"နေပြည်တော် ပျဉ်းမနား - ပင်လောင်းလမ်း (ကင်းသာ- ကိုးကွေ့)အပိုင်းကို ဘတ်စ်ကားကြီး များ မောင်းနှင်နိုင်သည်အထိ အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့ပါ တယ်"

ဦးအောင်ကိုဦး
လက်ထောက်
အင်ဂျင်နီယာ(မြို့ပြ)။

ချောမွေ့စေရေးအတွက် ငွေကျပ် သန်းပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိရာ ပြည်သူတို့ အနေဖြင့် လမ်းနှင့်တံတားကြီးများ ရေရှည် တည်တံ့ကောင်းမွန်ရန်အတွက် ဝိုင်းဝန်း ထိန်းသိမ်းကြရမည် ဖြစ်ပေသည်။

နေပြည်တော်ပျဉ်းမနား-ပင်လောင်း လမ်း (ကင်းသာ-ကိုးကွေ့) လမ်းပိုင်းကို ဖောက်လုပ် ပေးနိုင်ခဲ့ခြင်းကြောင့် တောင်ပေါ်ဒေသနေ တိုင်းရင်းသားများ သည် မြေပြန့်သို့ လည်းကောင်း၊ မြေပြန့်မှခရီးသွားများသည် တောင်ပေါ် ဒေသသို့လည်းကောင်း အပြန်အလှန် ကူးလူးဆက်ဆံ သွားရောက်နိုင်တော့ မည်ဖြစ်ရာ တိုင်းရင်းသား ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မာလာမည့်အပြင် ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာ ရေးတို့ တိုးတက်မြင့်မားရေးအတွက် များစွာ အထောက်အကူပြုလာနိုင်တော့ မည်ဖြစ်ပါကြောင်း သတင်းခရီး မှတ်တမ်းအဖြစ် စေ့ငုတင်ပြလိုက်ရပါ သည်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့)အပိုင်းကို ကင်းသာ ကျေးရွာအနီး ဤသို့ဖောက်လုပ်ထားသည်ကို တွေ့ရသည်။



ဆလိုဗက်တို့ ကမ္ဘာ့ဖလားမျှော်လင့်ချက်ပျက်ပြယ် လိမ္မော်ရောင် နယ်သာလန်တို့ ကမ္ဘာ့ဖလားခရီးဆက်

မြင့်မောင်စိုး -စုစည်းရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၈

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်း ရှုံးထွက်ပြိုင်ပွဲများကို ဇွန် ၂၈ရက် ညပိုင်းက တောင်အာဖရိကနိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်က ဆလိုဗက်ကီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ပါဝင်ကစား

ယင်းတို့သည် ဒါဘန်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။ နယ်သာလန် အသင်းတွင် အဓိက ကစားသမားများဖြစ်သည့် ဗန်ပါစီ၊ ဒက်ကွတ်ဇ်၊ စနိုက်ဒါနှင့် အာဂျင်ရော့ဘင်တို့ ပါဝင်ကစားခဲ့ကြသည်။

ထို့အတူ ဆလိုဗက်ကီးယားအသင်းတွင်လည်း အုပ်စုပွဲတွင် ခြေစွမ်းပြခဲ့သည့် ကွတ်ကာ၊ စကာတယ်နှင့် ဗစ်တက်ခ်တို့ ပါဝင်ခြေစွမ်းပြ ကစားခဲ့ကြသည်။ နယ်သာလန်အသင်းသည် အုပ်စု(င)မှ အုပ်စု ပထမရပြီး ရှုံးထွက်အဆင့်ပြိုင်ပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဆလိုဗက်ကီးယားအသင်းမှာမူ အုပ်စု(စ)မှ အုပ်စု ဒုတိယရပြီး တက်လာခြင်းဖြစ်သည်။

ဂိုးရ

နှစ်သင်းစလုံး ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားသည်ကို မတွေ့ရသော်လည်း ပုံမှန်အပေးအယူ ခြေစွမ်းဖြင့် စခဲ့ကြသည်။ ပွဲစပြီး ၁၈ မိနစ်အကြာ နယ်သာလန် နောက်တန်းမှဖြတ်တင်လိုက်သောဘောလုံးကို အာဂျင်ရော့ဘင်က ရသွားပြီး ဆလိုဗက်ကီးယား နောက်တန်းလူနှစ်ယောက်ကို လိမ်ခေါက်ကာ ကန်သွင်းလိုက်ရာမှ နယ်သာလန်တို့ အဖွင့်ဂိုးရခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နယ်သာလန်တို့ ကစားကွက်အလှအပ အလိမ်အခေါက် များဖြင့် ကစားခဲ့ရာ ပွဲချိန် ၈၄ မိနစ်၌ ဒက်ကွတ်ဇ်ဖြတ်ပို့လိုက်သော ဘောလုံး မှတစ်ဆင့် စနိုက်ဒါက သွင်းယူလိုက်သဖြင့် နယ်သာလန်တို့ ဒုတိယဂိုးရခဲ့ပြန်သည်။

ချေပဂိုး

ပွဲပြီးရန် တစ်မိနစ်အလိုတွင် နယ်သာလန်ဂိုးဧရိယာအတွင်း စတီကီလန်ဘတ် ကြမ်းတမ်းစွာ ကစားခဲ့၍ ဆလိုဗက်ကီးယားတို့ ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ဗစ်တက်ခ်က ကန်သွင်းယူခဲ့သဖြင့် ဆလိုဗက်ကီးယားတို့ နှစ်သိမ့်ချေပဂိုးရခဲ့သည်။ ဆလိုဗက်တို့ ထပ်မံချေပဂိုးရရှိရေး အကြိတ်အနယ် ကစား ခဲ့သော်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် ကျေနပ်ခဲ့ရသည်။

ကိုးကား-အင်တာနက်

နယ်သာလန်အသင်းအတွက် ဒုတိယဂိုးကို စနိုက်ဒါက ဤသို့သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

စာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့် ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀နာရီက ရန်ကုန်တိုင်း စာရင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန် တိုင်း စာရင်းရုံး ညွှန်ကြားရေးမှူး ဦးမြင့်အောင်က စာရင်းစစ်ချုပ်၏ မှာကြား ချက်များကို ပြန်လည်ရှင်းလင်း ပြောကြား သည်။ **(အောက်ဝဲပုံ)**

အမှာစကားပြောကြား

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး များ၊ ခရိုင်နှင့်မြို့နယ် စာရင်းစစ်အရာရှိ များ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးတင်ပြ ချက်များကို ညွှန်ကြားရေးမှူးက ပြန်လည် ရှင်းလင်း မှာကြားကာ နိဂုံးချုပ် အမှာ စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၆-၂၀၁၀
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး- မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **ကြားညှပ်သီးနှံ ဝဥပင်**
၈:၅၀ ၁၂။ Local Talent
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ **စပါးကရွှေ ငါးကငွေ**
၅:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၅:၂၅ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅:၄၀ ၉။ **ကမ္ဘာ့ဖလားပုံရိပ်များ** (အပိုင်း-၆)
၅:၄၅ ၁၀။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြို သုံးသပ်ချက်)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၄။ ဆိုလိုက်ကြစို့
၇:၀၀ ၁၅ ။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၃၁)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ တို့အိမ်ကလေး နေရဲမာန် (တေးရေး- Ovation အဖွဲ့)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** ဒုတိယတွဲ (အပိုင်း-၅)
၂၁။ ရုပ်ရှင်ပဟေဠိ

ရဲရဲတောက်စိတ်ဓာတ်ဖြင့် ပါရာဂွေးကိုရင်ဆိုင်မည့် အာရှဂျပန်

တက်ကုန်၊ ရှက်စုံလွှင့်ကြရတော့မည့် စပိန်နှင့် ပေါ်တူဂီ

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၈

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များ ပြီးဆုံးတော့မည်ဖြစ်သည်။ ပရိသတ်များ မျှော်မှန်းခဲ့သော အသင်းကြီးများ ကွာတားအဆင့်တက်ရောက်နိုင်ခဲ့ပြီဖြစ်သလို ကျန်အသင်းများကလည်း ကွာတားအဆင့် တက်ရောက်ရေးအတွက် ခြေကုန်ထုတ်ကြရမည်ဖြစ်ရာ အသင်းတိုင်းအခက်ခဲဆုံး ရင်ဆိုင်မှုများဖြင့် အပြင်းအထန်ဖြတ်သန်းနေကြရပြီဖြစ်သည်။ ရှုံးထွက်အဆင့် နောက်ဆုံးပွဲစဉ်များအဖြစ် ပါရာဂွေးနှင့်ဂျပန်၊ စပိန်နှင့် ပေါ်တူဂီတို့ ဇွန် ၂၉ ရက်(ယနေ့)၌ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပရိသတ်အကြိုက်ပွဲများအဖြစ် မြင်တွေ့ကြရမည်ဖြစ်သည်။

ဂျပန်အသင်းအတွက် ဟွန်ဒါ ဘယ်လို ဖန်တီးပေးနိုင်ဦးမလဲ။

ပါရာဂွေးနှင့် ဂျပန်

တောင်အမေရိကမှ ခြေစွာသော ပါရာဂွေးတို့အုပ်စု(စ)တွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ငါးမှတ်ရရှိကာ ရှုံးထွက်အဆင့်သို့ ထိပ်ဆုံးမှ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ပါရာဂွေးသည် တောင်အမေရိကဇုန်တွင် ကစားရခက်သောအသင်းအဖြစ် နာမည်ကြီးပြီး ခံစစ်ပိုင်းအလေးထားသည့် အသင်းလည်းဖြစ်သည်။ အုပ်စုပွဲစဉ်သုံးပွဲကိုဖြတ်သန်းခဲ့ရာတွင် အီတလီကို တစ်ဂိုးစီသရေ၊ ဆလိုဗက်ကီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး နယူးဇီလန်ကို ဂိုးမရှိသရေပွဲ ကစားခဲ့သည်။ ပါရာဂွေးတို့ တိုက်စစ်အား မထက်မြက်သော်လည်း အသင်းလိုက် စုစည်းညီညွတ်မှုရှိသည်။ ကစားသမားတစ်ဦးချင်း နားလည်မှုရှိကာ အများအယွင်းနည်းအောင် ကစားနိုင်ကြသည်။ ပါရာဂွေး၏ အားသာချက်မှာ ကွင်းလယ်ကစားအားကောင်းပြီး ခံစစ်ကို အပြည့်အဝအကူအညီပေးနိုင်ခြင်းပင်ဖြစ်သည်။ပါရာဂွေးခံစစ်တွင်မိုရယ်၊ ဒါဆေးလ်ဗား၊ အယ်ကာရက်စ်နှင့် ဘိုနက်ဇ်တို့က တစ်ဖက်အသင်းတိုက်စစ်ကိုကောင်းကောင်း ဟန့်တားနိုင်သူများဖြစ်သည်။ ကွင်းလယ်မှ ဗီရာ၊ ကာစီရက်စ်တို့ကလည်း ဂိုးလည်းသွင်းနိုင်သလို ခံစစ်ကိုလည်း အပြည့်အဝ လိုက်ပါဖြည့်ဆည်းနိုင်ကြသည်။ ကွက်လပ်ဖြည့်ကစားမှုတွင် ပါရာဂွေးကွင်းလယ်မှ ဗီရာတို့က အားထားရသည်။ ပါရာဂွေးတိုက်စစ်မှူး ဗာလ်ဒက်ဇ်၊ ဆန်တာခရုဇ်နှင့် ရီဗာရော့စ်တို့က ဂိုးသွင်းမသေချာသော်လည်းတစ်ဖက်အသင်းနောက်တန်းခံစစ်မှူးကို ခြိမ်းခြောက်နိုင်သူများဖြစ်သည်။ ပါရာဂွေးကစားအားကို ဂျပန်တို့ ဟန့်တားနိုင်ရန် မလွယ်ချေ။

ဂျပန်တို့ကလည်း အုပ်စု(င)တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာမှ ရှုံးထွက်အဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဂျပန်တို့ သွင်းဂိုးလေးဂိုး၊ ပေးဂိုးနှစ်ဂိုးရရှိခဲ့ပြီး တစ်ပွဲထက်တစ်ပွဲလည်း ခြေစွမ်းတိုးတက်ခဲ့သည်။ ဂျပန်တွင် ဟွန်ဒါ၊ အင်ဒိုနှင့် အိုကူဘိုတို့က အားကိုးရပြီး တစ်ဖက်နောက်တန်းကို ရဲရဲဝံ့ဝံ့ထိုးဖောက်တိုက်စစ်ဆင်နိုင်ကြသည်။ တောင်ပံဘောမှ ဂိုးရရှိရေး ကြိုးစားမှုအားနည်းသော်လည်း ဂိုးဧရိယာအတွင်း ကြုံသလို ဂိုးသွင်းနိုင်ကြသူများဖြစ်သည်။ ဂျပန်တို့ ကစားကွက်မြန်သော်လည်း ကွင်းလယ်မှ တိုက်စစ်မှူးများထံ ဘောလုံးဖြန့်ဝေမှု အပိုအလိုဖြစ်နေမှုများသည်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း ဂျပန်တိုက်စစ်မှူးများ စိုးရိမ်စိတ်များနေတတ်ရာ ဘောလုံးပျက်မှုများနေခြင်းကို ပြုပြင်နိုင်လျှင် ဂျပန်တို့ ပါရာဂွေးကို ခြေရည်တူ ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ဂျပန်တို့က ကွာတား အဆင့်တက်ရောက်ရေးအတွက် ပါရာဂွေးကို စိတ်ဓာတ်ပြင်းပြင်းနှင့် ယှဉ်ပြိုင်မည်ဖြစ်ရာ ယခုပွဲအကြိတ်အနယ်ရှိမည်မှာ သေချာသည်။ ဒိန်းမတ်ကို ကစားခဲ့သည့် ခြေစွမ်းမျိုးသာ ကစားနိုင်လျှင် ပါရာဂွေးတို့ ဂျပန်ကိုကျော်ဖြတ်ရန် လွယ်ကူမည် မဟုတ်ချေ။ ဂျပန်တို့က ယခုပွဲတွင် ခံစစ်၊ တိုက်စစ်မျှအောင်ကစားပြီး ပါရာဂွေးကို ခြေရည်တူကစားမည်ဖြစ်ရာ ဂျပန်ပရိသတ်များ ပြုံးပန်းဝေစေရန် ကြိုးစားပေးမည်ဖြစ်သည်။ သို့သော် ယခုနှစ်၌ ပါရာဂွေးတို့က ရည်မှန်းချက်လည်းကြီးနေရာ ကစားအား အလေးသာနေသော ပါရာဂွေးတို့ ရလဒ်ကောင်းများ ဖန်တီးသွားနိုင်မလားဟု တွေးဆမိသည်။

စပိန်နှင့် ပေါ်တူဂီ

ပြိုင်ဆိုင်မှု ပြင်းထန်မည့်ပွဲပင် ဖြစ်သည်။ အုပ်စု(ဇ)၌ စပိန်တို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် ခြောက်မှတ်ရရှိကာ ဂိုးကွာခြားချက်အရအုပ်စုပထမဖြင့်ရှုံးထွက်သို့တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ သွင်းဂိုးလေးဂိုး၊ ပေးဂိုးနှစ်ဂိုးက စပိန်တို့၏ကစားအားကိုဖော်ပြနေသည်။ စပိန်တိုက်စစ်သည်

ဒေးဗစ်ဗီလာ စပိန်ရလဒ်ကောင်းအောင် စွမ်းဆောင်ပေးနိုင်မလား။

ထက်မြက်မှုအပိုင်း အားနည်းနေသည်က အမှန်ပင်။ စပိန်တို့ ဟွန်ဒူးရပ်စ်ကို နှစ်ဂိုးပြတ်ခက်ခဲစွာ ကစားခဲ့ရသည်။ ချီလီကိုလည်း သုံးမှတ်ရရှိရန် ကျပ်တည်းစွာ ကြိုးစားခဲ့ရသည်။စပိန်တိုက်စစ်တွင်ဗီလာ၊ အင်နီယေစတာတို့က ဂိုးသွင်းခြေမှန်သော်လည်း တောရက်စ်က ယခုတိုင် ဂိုးဈေးဦးမပေါက်သေးချေ။ သို့သော် တောရက်စ်၏ ဂိုးဧရိယာအတွင်း အလှုပ်ကို နောက်ချန်တိုက်စစ်မှူးများက ကောင်းကောင်းအဆုံးသတ်နိုင်ကြသည်။ ပူယိုးလ်ဦးဆောင်သည့် ခံစစ်မှူးများကလည်း နားလည်မှုရှိရှိဖြင့် အဆင့်ဆင့်ဖျက်ထုတ်နိုင်ကြရာ ပေါ်တူဂီ တိုက်စစ်မှူးများ ခက်ခဲစွာထိုးဖောက်ရမည်ဖြစ်သည်။ တောရက်စ်ကို တိုက်စစ်မြားဦးထားပြီး ဗီလာ၊ ဘက်စကွက်စ်တို့ဖြင့် ပွဲထွက်လာဖွယ်ရှိသည်။ စပိန်တိုက်စစ်ကို ပေါ်တူဂီခံစစ်မှူးများ မည်သို့ထိန်းချုပ်နိုင်မည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်ရမည်ဖြစ်သည်။

ပေါ်တူဂီတို့ကအုပ်စု(ဆ)တွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်များဖြင့် ငါးမှတ်ရရှိကာ ဒုတိယနေရာမှ ရှုံးထွက်အဆင့်သို့ တက်လာခြင်းဖြစ်သည်။ သုံးပွဲကစားခဲ့ရာတွင် သွင်းဂိုးခုနစ်ဂိုးရှိခဲ့သည်။ ပေးဂိုးမရှိခဲ့

ပေါ်တူဂီအတွက် စီရိုနယ်ဒို ဘယ်လိုကြိုးစားပေးနိုင်မလဲ။

ချေ။ သို့သော် ယင်းသွင်းဂိုးများမှာ မြောက်ကိုရီးယားနှင့်ပွဲတွင်ဖြစ်ရာ ကျန်ပွဲနှစ်ပွဲ၌ ဂိုးသွင်းအားမရှိခဲ့ချေ။ ပေါ်တူဂီအသင်း ကစားအားနှင့် စည်းလုံးမှုကောင်းသည်။ တိုက်စစ်တွင်လည်း တစ်ဖက်အသင်း နောက်တန်းကို မနားတမ်း ထိုးဖောက် ဂိုးသွင်းနိုင်ကြသူများရှိသည်။ စီရိုနယ်ဒို၊ တီယာဂိုနှင့် မိုင်ရီလက်စ်တို့က ဂိုးရရှိရေး ကစားအားကို သွန်နိုင်ကြသည်။ ဘရာဇီးကို ဂိုးမရှိ သရေပွဲကစားခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်လာဖွယ်ရှိရာ စပိန်တို့ ပေါ်တူဂီကို ကျော်ဖြတ်ရေးမှာ လွယ်ကူမည် မဟုတ်ချေ။ နှစ်သင်းစလုံး နိုင်ပွဲရလဒ်အတွက် အခွင့်အရေး ချိန်ခွင်လျှာ မျှနေသည်မှာ အမှန်ပင်ဖြစ်ပါ၏။ ။

ကိုးကား-အင်တာနက်

လှိုင်သာယာ ထွေ/အုပ် ဦးစီးဌာန စည်းကမ်းထိန်းသိမ်းရေးကော်မတီ စည်းဝေး

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းတို့က အမှာစကားပြောကြားကြပြီး ဝန်ထမ်းများ၏ သက်ကြီးအမိအဖများအား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။**(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

(၀၉၇)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

➤ အာကာဟိန်း - စုစည်းသည် ➤

ဘောလုံးပရိသတ်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

တောင်အာဖရိကနိုင်ငံ ဘလွန်းဖွန်တိန်မြို့၌ ယှဉ်ပြိုင်ကစားမည့် ဂျာမနီနှင့် အင်္ဂလန် တို့ပွဲအား ကြည့်ရှုအားပေးမည့် ပရိသတ်များစီးနင်းလိုက်ပါလာသည့် လေယာဉ်မှာ အင်ဂျင်ပြဿနာကြောင့် ဘလွန်းဖွန်တိန်မြို့အနီးမြေပြင်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ထိခိုက်မှုမရှိကြောင်း ဇွန် ၂၈ ရက်၌ သတင်းထုတ်ပြန်သည်။

ရွန်နီ အင်္ဂလန်အသင်းမှ အနားယူရန် စဉ်းစားနေဟုဆို

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ခြေစွမ်းမပြနိုင်သည့်အပြင် အင်္ဂလန်အသင်း ဂျာမနီကိုရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသဖြင့် မိမိသည် အင်္ဂလန်အသင်းမှ အနားယူရန် စဉ်းစားနေကြောင်း ရွန်နီက ဇွန် ၂၈ ရက်၌ သတင်းထောက်များအား ပြောကြားသည်။

အင်္ဂလန်အသင်းအား အခက်အခဲမရှိခဲ့ကြောင်း အိုဇယ်ပြောကြား

မိမိတို့ဂျာမနီအသင်းသည် အင်္ဂလန်အသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည့်ပွဲ၌ အခက်အခဲ မရှိခဲ့ကြောင်း၊ ယင်းမှာ မိမိတို့ကစားသမားများအားလုံး နိုင်လိုစိတ်ပြင်းထန်ခဲ့၍ဖြစ်ကြောင်း ဂျာမနီကွင်းလယ်ကစားသမား အိုဇယ်က ပွဲအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

နည်းပြကာပယ်လို အနာဂတ်အတွက် ဆုံးဖြတ်မည်

အင်္ဂလန်အသင်းနည်းပြအဖြစ် ဆက်လက်တာဝန်ယူရေး မိမိ၏အနာဂတ်ကို မကြာမီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း နည်းပြကာပယ်လိုက ဇွန် ၂၈ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ကိတ်ပ်တောင်းမြို့၌ ပရိသတ်များ စည်ကားခဲ့

ဂျာမနီနှင့် အင်္ဂလန်တို့ပွဲအား ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုအားပေးသော ပရိသတ်များအနက် တောင်အာဖရိကနိုင်ငံ ကိတ်ဖ်တောင်းမြို့၌ ပရိသတ်တစ်သန်းခန့် ကြည့်ရှုအားပေးခဲ့ကြောင်း တောင်အာဖရိက အားကစားအရာရှိများက ပြောကြားသည်။

ဂျာမနီသည် အသင်းကောင်းဖြစ်ကြောင်း လမ်းပတ် ဝန်ခံ

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီအသင်းသည် အင်အားတောင့်တင်းပြီး အသင်းကောင်းတစ်သင်းဖြစ်ကြောင်း၊ ကစားရခက်ခဲကြောင်း အင်္ဂလန်ကွင်းလယ် ကစားသမား လမ်းပတ်က ဝန်ခံပြောကြားသည်။

ဂိုးအများဆုံးသွင်းယူနိုင်ရေး ကြိုးစားမည်ဟု ဟီဂူအင် ပြောကြား

အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်သည် မက္ကဆီကိုအသင်းကို အာဂျင်တီးနားတို့ အနိုင်ယူခဲ့သည့်ပွဲ၌ တစ်ဂိုးသွင်းယူနိုင်ခဲ့ရာ ယခုအချိန်ထိ လေးဂိုးသွင်းထားနိုင်သဖြင့် ဂိုးအများဆုံးသွင်းနိုင်သူဖြစ်ရန် ကြိုးစားသွားမည်ဟု ဟီဂူအင်က သတင်းထောက်များအား ပြောကြားသည်။

ကစားသမားအခင်းအကျင်းပြောင်းမည်ဟု မာရာဒိုနာ ပြောကြား

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်သည့်အခါ အာဂျင်တီးနားအသင်းအား အခင်းအကျင်းပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ပြိုင်ဘက်အသင်းများအား ပိုမိုတိုက်စစ်ဆင် ကစားနိုင်ရန်အတွက်ဖြစ်ကြောင်း နည်းပြမာရာဒိုနာက ပြောကြားသည်။

မက္ကဆီကိုခြေစွမ်းကို အံ့ဩဟု မက်ဆီ ပြောဟ

အာဂျင်တီးနားအသင်းသည် မက္ကဆီကိုအသင်းကို သုံးဂိုးသွင်းပြီး နိုင်ပွဲရရှိခဲ့သော်လည်း မက္ကဆီကိုတို့၏ခြေစွမ်းနှင့် ကစားအားကို မိမိအံ့ဩရကြောင်း၊ မက္ကဆီကိုအသင်းသည် အသင်းကောင်းတစ်သင်းဖြစ်ကြောင်း အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီက သတင်းထောက်များအား ပြောကြားသည်။

အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်လှုပ်ရှားမှု စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဆွေးနွေးခြင်းနှင့် စာအုပ်လှူဒါန်းပွဲကို ဇွန် ၂၃ရက်က ဇရာဝတီရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဇရာစာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် ဦးစီးမှူးဒေါ်ခင်မမက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးစံ(၅)ချက်နှင့်ညီညွတ်ရေး ဆွေးနွေးပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်အောင်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မြန်အောင် ဇွန် ၂၈

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုသည် ဇွန် ၁၃ ရက်က မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး၊ မြို့မနေခြည်စျေးမှ စျေးကော်မတီအဖွဲ့များနှင့် တွေ့ဆုံ၍ မြန်အောင်မြို့ နေခြည်စျေးမီးဘေးကြိုတင်ကာကွယ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားပြီး **(အောက်ပုံ)** မြို့မနေခြည်စျေးသို့ သွားရောက်၍ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုအခြေအနေ၊ လုံခြုံရေးမီးနှင့် လုပ်ငန်းသုံးမီး ခွဲခြားထားရှိမှုအခြေအနေ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေစုပ်စက်၊ ရေကန်၊ မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများထားရှိမှုအခြေအနေနှင့် မီးသတ်ကား ဝင်/ထွက်နိုင်သော လမ်းဖြစ်အောင် ရှင်းလင်းဆောင်ရွက်ထားရှိရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ဝန်ထမ်းများ ရန်ကုန်-ပြည်လမ်းဘေးဝဲ/ယာတစ်လျှောက် မိုးရာသီ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဇွန် ၁၄ရက်က ရွှေကျင်မြို့ မြို့မစည်ပင်သာယာစျေး တာဝန်ခံရုံး၌ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စျေးမိစျေးဖများနှင့် စျေးတာဝန်ခံများ၊ စျေးညစောင့်များအားတွေ့ဆုံ၍ စျေးမီးဘေးကြိုတင် ကာကွယ်ရေးပညာပေးဆွေးနွေးစဉ်။ (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက်နေ ဖခင်ကြီး ဦးစိန်ကြည်-မိခင်ကြီး ဒေါ်သိန်းကြည်တို့အား (၂)နှစ်ပြည့်ရည်စူး၍ ကျန်ရစ်သူ မိသားစုတို့က ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

တီဗက်ဇ် သွင်းဂိုးများဖြင့် အာဂျင်တီးနား နိုင်ပွဲရ မက္ကဆီကိုတို့ ကမ္ဘာ့ဖလားပွဲကိုနှုတ်ဆက်ခဲ့ရပြီ



မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၂၈

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ ဇွန် ၂၈ရက်က ယှဉ်ပြိုင်သော အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ပွဲတွင် အာဂျင်တီးနားက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

တိုက်စစ်

အာဂျင်တီးနားက တိုက်စစ်တွင် တီဗက်ဇ်၊ မက်ဆီနှင့် ဟီဂူအင်တို့ကို အင်အားပြည့် ထုတ်သုံးခဲ့သည်။ မက္ကဆီကိုကလည်း ဂျီရိုဗန်နီ၊ ဘာတစ္စတာ၊ ဖာနန်ဒက်ဇ်တို့ဖြင့် တိုက်စစ်ဖွင့်ခဲ့သည်။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့သဖြင့် ပွဲအစမှာပင် ဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲမှာအကြိတ်အနယ် ဖြစ်ခဲ့သည်။

အဖွင့်ဂိုး

အာဂျင်တီးနားတို့ ဂိုးရရှိရေး မက္ကဆီကိုဘက် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၅မိနစ်၌ တီဗက်ဇ် ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အာဂျင်တီးနားတို့ အဖွင့်ဂိုးရရှိခဲ့သည်။ မက္ကဆီကိုတို့လည်း ချေပဂိုးရရှိရေးအတွက် ကြိုးစားခဲ့လေရာ တိုရာဒို၊ ဖာနန်ဒက်ဇ်တို့၏ အဝေးမှ ကန်သွင်းချက်များကို အာဂျင်တီးနားဂိုးသမား ရိုမီရို ကာကွယ်နိုင်ခဲ့သည်။

ဒုတိယဂိုး

အာဂျင်တီးနားတို့က အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားကွက်ကိုထိန်းပြီး ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်က ပွဲချိန်၃၃မိနစ်၌ တစ်ဂိုးသွင်းယူလိုက်သဖြင့် အာဂျင်တီးနားတို့ ပထမပိုင်းပွဲချိန်အတွင်း နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ပွဲတွင် အာဂျင်တီးနားမှ မက်ဆီ (ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

ကြိုးစား

မက္ကဆီကိုတို့ ချေပဂိုးရရှိရေး အပေးအယူ အချိတ်အဆက်မှန်မှန်ဖြင့် တိုက်စစ်ဆင်ဂိုးသွင်းခဲ့သော်လည်း အဆုံးသတ်မသေချာခဲ့သဖြင့် ဂိုးမရရှိခဲ့ချေ။ ဒုတိယပိုင်းပွဲချိန် ၅၂မိနစ်တွင် တီဗက်ဇ်က အာဂျင်တီးနားအတွက် ဂိုးထပ်မံသွင်းယူလိုက်သဖြင့် သုံးဂိုးရရှိခဲ့သည်။

မက္ကဆီကိုတို့က ချေပဂိုးသွင်းယူနိုင်ရေး ၆၁မိနစ်၌ ဂွာဒါဒိုအစား ဖရန်ကိုအား ထည့်သွင်းကစားစေခဲ့သော်လည်း ကစားအား ထူးခြားစွာတက်မလာဘဲ ရှိနေခဲ့သည်။ အာဂျင်တီးနားတို့ကလည်း ပွဲချိန်၆၉မိနစ်၌ တီဗက်ဇ်အစား ဗီရွန်၊ ဒီမာရီရာအစား ဂူတီရက်ဇ် တို့ကို ထည့်သွင်းကစားခဲ့သည်။

ချေပဂိုး

မက္ကဆီကိုအတွက် ချေပဂိုးကို ပွဲချိန် ၇၁မိနစ်၌ တိုက်စစ်မှူး ဟာနန်ဒက်ဇ်က သွင်းယူပေးခဲ့သဖြင့်ဂိုးရရှိခဲ့သည်။ မက္ကဆီကိုတို့ အာဂျင်တီးနားကို အချိတ်အဆက်မိမိဖြင့် ခြေရည်တူကစားပြီး အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်ကစားနိုင်သော်လည်း ပွဲချိန်ပြည့်သည်အထိ ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ ထို့ကြောင့်အာဂျင်တီးနားတို့က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပေါက်နေရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် ဇွန် ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင်အောင်လွင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နေအိမ်များမှ ရေစည်ရေအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးကြစဉ်။ (၁၂၃)

မြန်မာ့အလင်း ကမ္ဘာ့အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

ဂျာဆန်ဘုသ်နှင့် မိုလီတာ လက်ဝှေ့ထိုးသတ်မည့်ရက် ရွှေ့ဆိုင်း

ဗြိတိသျှလက်ဝှေ့သမား ဂျာဆန်ဘုသ်သည် ကမ္ဘာ့လက်ဝှေ့သရဖူ စိန်ခေါ်ပွဲအဖြစ် အိုင်ဘီအက်ဖ်စူပါဘင်တန်ဝိတ်တန်းချန်ပီယံ ကနေဒါ လက်ဝှေ့သမား စတီဗီမိုလီတာနှင့် လာမည့် ဇူလိုင် ၂၃ရက်တွင် ဗြိတိန်နိုင်ငံ ဆန်းဒါးလန်းမြို့၌ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသော်လည်း မိုလီတာ ဒဏ်ရာရရှိခဲ့မှုကြောင့် ယှဉ်ပြိုင်ထိုးသတ်မည့်ရက်ကို စက်တင်ဘာ ၁၀ရက်သို့ ပြောင်းရွှေ့သတ်မှတ်ခဲ့သည်။

လက်ဝှေ့ကျော် မက်သရူး လက်ဝှေ့ပြန်လည်ထိုးသတ်မည်

လီဗာပူးမြို့သား ဗြိတိသျှလက်ဝှေ့သမား ဒါရီမက်သရူးသည် ပြီးခဲ့သည့် ၂၀၀၉ခုနှစ် နိုဝင်ဘာလက ပြိုင်ဘက်လက်ဝှေ့သမား စကော့လော်တန်ကို ရှုံးနိမ့်ပြီးနောက်ပိုင်း လက်ဝှေ့မထိုးဘဲ အနားယူနေရာမှ လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ပြန်ဝင်ရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ရစ်ကီဘန်းနှင့် မာတီနက်ဇ် ယှဉ်ပြိုင်ထိုးသတ်မည်

စကော့တလန်နိုင်ငံ ဂလပ်စကိုမြို့တွင် လာမည့်စက်တင်ဘာ ၄ရက်၌ နေသဟာယလက်ဝှေ့ချန်ပီယံ ရစ်ကီဘန်းသည် ရှုံးပွဲမရှိသေးသော ဒဗလျူဘီအို စူပါဖယ်သာဝိတ်ချန်ပီယံဖြစ်သူ ပွာတိုရီကိုလက်ဝှေ့သမား ရိုမန်မာတီနက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိသျှပြေးခုန်ပစ်မီတာ ၄၀၀ ပြိုင်ပွဲ၌ မာတင်ရွန်နေ ရွှေဆွတ်ခူး

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့တွင်ကျင်းပသော ဥရောပအကြိုပြေးခုန်ပစ် ခြေစမ်းပွဲနှင့် ဗြိတိသျှပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားသမား မာတင်ရွန်နေ သည် မီတာ ၄၀၀ အပြေးပြိုင်ပွဲဗိုလ်လုပွဲ၌ ၎င်း၏ ယခုရာသီ အကောင်းဆုံးစံချိန် ၄၄ ဒသမ ၉၉ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

အေဂျက်ဇ်တိုက်စစ်မှူး ဆူအာရက်ဇ်အား ချယ်လ်ဆီး မျက်စိကျ

ချယ်လ်ဆီးအသင်းသည် ကမ္ဘာ့ဖလားတွင် ဥရုဂွေးအသင်းနှင့်အတူ ခြေစွမ်းပြနေသော အသက် ၂၃နှစ်အရွယ်ရှိ ပြောင်းရွှေ့ကြေး ပေါင် ၂၂သန်းတန် အေဂျက်ဇ်တိုက်စစ်မှူး လူးဝစ်ဆူအာရက်ဇ်အား စာချုပ်ခေါ်ယူရန် မျက်စိကျနေကြောင်း၊ ၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ၄၈ပွဲကစားရာတွင် ၄၉ဂိုး သွင်းယူခဲ့သူဖြစ်ကြောင်း သိရသည်။

ဘီအမ်ဒဗလျူဂေါက်ရိုက်ပြိုင်ပွဲ ဟော်ဆေး ဆုဖလားဆွတ်ခူး

ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ကျင်းပသော ဘီအမ်ဒဗလျူနိုင်ငံတကာ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အင်္ဂလန်ဂေါက်သီးကစားသမား ဒေးဗစ်ဟော်ဆေးသည် သတ်မှတ်ရိုက်ချက်အောက် ၁၈ချက်လျှော့ရိုက်ကာ တစ်နိုင်ငံတည်းသား ရော့စ်ဖစ်ရှာထက် လျှော့ရိုက်ချက်တစ်ချက်အသာဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ပြေးခုန်ပစ်မယ် အိုဟူရုအိုဂူ ဥရောပပြေးခုန်ပစ်နှင့်လွဲဖွယ်

အသက် ၂၆ နှစ်အရွယ်ရှိ အိုလံပစ်မီတာ ၄၀၀ ချန်ပီယံ ခရစ္စတင်းအိုဟူရုအိုဂူသည် ကြွက်သားဒဏ်ရာကြောင့် လာမည့်ဇူလိုင်လအတွင်း ကျင်းပမည့် ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဟာဘီယာနိုအား စာချုပ်ရေး အသင်းလေးသင်းကြိုးပမ်း

စပါးအသင်းသည် စပိန်လာလီဂါအသင်း ဆီဗီလာမှ ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ရှိ ဘရာဇီးတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုအား စာချုပ်ခေါ်ယူရေးအတွက် ချယ်လ်ဆီး၊ မန်စီးတီး၊ အေစီမီလန် တို့နှင့်အပြိုင် ကြိုးပမ်းနေသည်။

မာရှေယာနိုအား ခေါ်ယူရန် ဘင်နီတက်ဇ် စိတ်ဝင်စား

အင်တာမီလန်နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် ၎င်း၏အသင်းဟောင်း လီဗာပူးကွင်းလယ်ကစားသမား မာရှေယာနိုအား ပြောင်းရွှေ့ကြေးအပြင် အင်တာမီလန်ဗဟိုခံစစ်မှူး ကမ်ဘီယာဆို အလိုက်ပေး၍ ခေါ်ယူရန် စိတ်ဝင်စားနေသည်။

ဆိုင်မွန်ကေဂျာနှင့် ဘာလော့တယ်လီအား ဝင်းဂါးခေါ်ယူလို

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် စီးရီးအေအခြေစိုက် ကစားသမားများဖြစ်သည့် ဆိုင်မွန်ကေဂျာနှင့် ဘာလော့တယ်လီတို့အား ခေါ်ယူလိုသည်ဟုဆိုသည်။

အူဒီးနိစ်မှ ဆန်ချက်ဇ် မန်ယူသို့ ပြောင်းရွှေ့လို

စီးရီးအေအသင်း အူဒီးနိစ်မှ ချီလီတောင်ပံကစားသမား အဲလက်စ်ဆန်ချက်ဇ်သည် ပရီမီယာလိဂ်အသင်း မန်ယူသို့ ပြောင်းရွှေ့ကစားလိုသည်ဟု ၎င်း၏ချီလီလက်ရွေးစင်အသင်းကစားဖော်အား ပြောကြားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကလေး၌ကျင်းပ

ကလေး ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၆ရက် နံနက် ၈နာရီက ကလေးမြို့ အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက ဖတ်ကြားတင်ပြသည်။

ဟောပြော

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး စောစန်းဒိုက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ခရိုင်တရားသူကြီး ဒေါ်စန်းစန်းသွင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာစိုးမိုးထွေးက မူးယစ်ဆေးကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ဆုချီးမြှင့်

ထို့နောက် အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်စန်းချစ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့်အဖွဲ့ဝင် ၆၀၀၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၁၅၀၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၀၊ မီးသတ်တပ်ဖွဲ့ဝင်နှင့် ကြက်ခြေနီအဖွဲ့ဝင် ၁၅၀၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ၂၀နှင့် ဌာနဆိုင်ရာအင်အား၃၀ စုစုပေါင်း ၉၇၀ တက်ရောက်ကာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက တက်ရောက်လာသော လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များပေးအပ်ပြီး ရေတမာပင် ၄၅၀၊ ခရေပင် ၄၅၀၊ စိန်ပန်းပင် ၁၀၀နှင့် မဟော်ဂနီပင် ၁၅၀ စုစုပေါင်း အပင် ၁၁၅၀ကို စိုက်ပျိုးကြသည်။

(အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်နှင့် အဖွဲ့ဝင်များ၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကျင်းပ

ကွမ်းလုံ ဇွန် ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၁၀နာရီက ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုးဝင်းက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ဆုပေးအပ်ချီးမြှင့်

ဆက်လက်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး သန်းထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှထွန်းခိုင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။**(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ရက်က ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျိုင်းတုံ(မူးယစ်) ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးသန်းထူးက မူးယစ်ဆေးဝါးပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များကို ဟောပြောဆွေးနွေးစဉ်။ (ပြည်နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြန်မာ/အင်္ဂလိပ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) သင်တန်းခန်းမ၌ ကျင်းပရာ ရာဇာ ရေသန့်နှင့် အုတ်သဲကျောက်လုပ်ငန်းဥက္ကဋ္ဌ ဦးမောင်မောင်တိုးက သက်ကြီးတန်း တတိယဆုရ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြုအင်းစိန်တောင်သူကုန်းရပ်ကွက်အသင်းခွဲ၊ အသင်းဝင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဂုဏ်ထူးတန်း)မှ မရတနာမြင့်အား ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်၊ ဆုငွေချီးမြှင့်စဉ်။ (၁၁၃)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက်က လသာမြို့နယ် အထက(၁) ဗဟိုစံပြခန်းမဆောင်၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက ဖတ်ကြားစဉ်။ (၁၀၆)

ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြော

မော်လိုက် ဇွန် ၂၈

မော်လိုက်ခရိုင် မော်လိုက်မြို့နယ် (အမက-၂)တွင် ဇွန် ၂၅ရက်က ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းက သန့်ချဆေး တိုက်ကျွေးခြင်း အကြောင်းကိုလည်းကောင်း၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်က ဘဝ တွက်တာ သိမှတ်စရာ အသိပညာပေး အကြောင်း ဟောပြောကြသည်။

သရုပ်ပြ

ထို့နောက် လက်ဆေးခြင်း အသိပညာပေး သရုပ်ပြခြင်းနှင့် ကျောင်းတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ခြင်းနှင့် ယင်လုံအိမ်သာများ အရည်အသွေးပြည့်မီမှု ရှိမရှိ စစ်ဆေးဆောင်ရွက်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ရွှေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

လက်ပံတန်း ဇွန် ၂၈

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ အစည်းအဝေးခန်းမ၌ ဇွန် ၁၇ရက် နံနက်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းလွင် (ဒုတိယရဲမှူး၊ငြိမ်း)၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပို့ချရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၁၇၅)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးခေါင်း ဦးစိုးဦးနှင့် ဝန်ထမ်းများက သမာဓိချိန်ခွင်ထားရှိပြီး စနစ်တကျ ချိန်တွယ်နေသည်ကို အမှုဆောင်အရာရှိ ဦးဌေးလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များ စိုက်ပျိုး

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့်အဖွဲ့ ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လွတ်လပ်ရေးပန်းခြံအတွင်း မြေယာရှုခင်းအလှနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဇွန် ၁၃ရက်က ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်က ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့ဝင်ဆိုင်းဘုတ်

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးဌေးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရွေးကောက်ပွဲဆိုင်ရာသင်တန်း ဟားခါးမြို့နယ်၌ဖွင့်

ဟားခါး ဇွန် ၂၆

ချင်းပြည်နယ် ဟားခါးမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ဦးဆောင်၍ ဟားခါးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၆ရက် နံနက် ၈နာရီက ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဖွင့်ပွဲတွင် ဟားခါးမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးဘွေဟူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များက လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

သင်တန်းသို့ ဟားခါးမြို့ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၃၀တို့မှ သင်တန်းသား ၁၁၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂၇ရက်အထိဖြစ်သည်။ (မြို့နယ် ပြန်/ဆက်)

LUCKY BIRD ၏ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

Lucky Bird ၏ Go Green 2010 သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ Lucky Bird Group of Companies မန်နေဂျင်း ဒါရိုက်တာ ဦးထင်အောင်ခိုင်၊ ဒါရိုက်တာ ဒေါ်မေဖြူသွယ်၊ မြန်မာအင်ဖိုတက်ခ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် တက်ရောက်လာကြသူများက ကျွန်း၊ သရက်၊ ကြက်မောက်၊ အင်ကြင်း၊ စံကားဝါ၊ ခရေ၊ ကံ့ကော်၊ ပျဉ်းမ၊ ပိန္နဲ၊ တည်နှင့်ကတ္တီပါ အပင် ၅၀ ကျော်တို့ကို စိုက်ပျိုးပေးကြသည်။**(အပေါ်ပုံ)**

ရည်ရွယ်ချက်

ထို့နောက် မန်နေဂျင်းဒါရိုက်တာဦးထင်အောင်ခိုင်က Lucky Bird သည် Toshiba e-Studio Copier တစ်လုံး ရောင်းချရတိုင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးတို့အတွက်သစ်ပင်တစ်ပင်စီကို စိုက်ပျိုးသွားမည်ဟူသော ရည်ရွယ်ချက်အတိုင်း ယခုကဲ့သို့ သစ်ပင်များကို စိုက်ပျိုးသွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဂေဟစနစ်

ကမ္ဘာကြီး တစ်စတစ်စ ပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းလာမှု၊ ဂေဟစနစ်များ ပြောင်းလဲလာမှုတို့၏ နောက်ဆက်တွဲ အကျိုးဆက်များကို ဖြေရှင်းရာတွင် တစ်ထောင့် တစ်နေရာက ပါဝင်ပံ့ပိုးသည့် အနေဖြင့်လည်းကောင်း၊ ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေး (Go Green) ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်သည့်အနေဖြင့် လည်းကောင်း ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းဖြစ်သည်။

စီးပွားရေး၊ သဘာဝအလှတရားနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုများ ဟန်ချက်ညီစွာ တည်ရှိနေစေရန် Lucky Bird အနေဖြင့် အစဉ်အမြဲ အထူးဂရုပြုလျက်ရှိသည်။

စိုက်ပျိုး

Lucky Bird Go Green 2010 အစီအစဉ်အရ ယနေ့စိုက်ပျိုးသော သစ်ပင်များသည် Lucky Bird တစ်ဦးတည်းအတွက် စိုက်ပျိုးခြင်းမဟုတ်ဘဲ Toshiba e-Studio ဝယ်ယူသုံးစွဲသူများ အားလုံးကိုလည်း ကိုယ်စားပြု စိုက်ပျိုးပေးခြင်းဖြစ်သည်။

ဆက်သွယ်စုံစမ်း

Lucky Bird အရောင်းပြခန်းတွင် အရည်အသွေးမြင့် Toshiba MFP Digital Copier (e-Studio) များကို စိတ်ချယုံကြည်ရသော အာမခံဝန်ဆောင်မှုအပြည့် မိုးတွင်းကာလ အထူးအစီအစဉ်များဖြင့် ရောင်းချလျက်ရှိရာ အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၁၆၇၊ ၃၇၉၈၇၅ နှင့် ၃၉၉၀၁၁၊ မန္တလေးမြို့ အမှတ် ၅၊ ၂၆လမ်း ၇၈လမ်းနှင့် ၇၉လမ်းကြား ဖုန်း-၀၂-၂၁၅၂၇၊ နေပြည်တော် သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ထီရေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကိုယ့်အားကိုယ်ကိုး ကျပ်သိန်း ၁၆၀ ကျော်တန် ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ၂၇ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ကြွေ၊ မြို့နယ်စာရင်းစစ်အရာရှိဒေါ်ကျင်လှ၊ ကျေးရွာဥက္ကဋ္ဌဦးခွန်ချစ်ဟန်၊ ကျောင်းအကျိုးတော်ဆောင် ဦးခွန်ကျော်ဆန်းတို့က ကျောင်းဆောင်သစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၅)

ကျောက်ပန်းတောင်း

ကျုံပျော်မြို့နယ် ထွေ/အုပ် ဦးစီးဌာန ပညာသင်စရိတ်နှင့်ဝတ်စုံထောက်ပံ့ပေးအပ်

ကျုံပျော် ဇွန် ၂၂

ကျုံပျော်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လူမှုထောက်ပံ့ရေးကော်မတီက ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ဝန်ထမ်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ဇွန်၄ရက် ညနေ၄နာရီက ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာသင်ထောက်ပံ့

အခမ်းအနားတွင် ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ဝန်ထမ်းမိသားစုမှ မူလတန်းအဆင့်ငါးဦး၊ အလယ်တန်းအဆင့်လေးဦး၊ အထက်တန်းအဆင့်နှစ်ဦး၊ တက္ကသိုလ်အဆင့်နှစ်ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၃ဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေကျပ်၇၉၀၀၀၊ ဗလာစာအုပ် ၁၈ ဒါဇင်၊ တန်ဖိုးငွေကျပ် ၃၇၈၀၀ နှင့် ဝန်ထမ်း၃၁ဦးအတွက် ဝတ်စုံစရိတ်ငွေကျပ်၃၆၀၀၀၀ စုစုပေါင်းငွေကျပ် ၄၇၆၈၀၀ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)** (မြို့နယ် ပြန်/ဆက်)

ကျောက်ထိုမြို့နယ်ရဲတပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်နှင့် ပစ္စည်းများပေးအပ်

ကျောက်ထို ဇွန် ၂၁

ကျောက်ထိုမြို့နယ် ရဲတပ်ဖွဲ့ဝင် သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၁နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

ပညာသင်စရိတ်ထောက်ပံ့

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်အောင်က တက္ကသိုလ်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ကျောက်ထိုမြို့နယ် စခန်းမှူး ရဲအုပ်ဝင်းအောင်နှင့် သိမ်ဇရပ် စခန်းမှူး ရဲအုပ်မြင့်သိန်းဦးတို့က အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်နွဲ့လေးက ကျောင်းသုံးပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ ပညာသင်စရိတ်ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀၀ အား ဗလာစာအုပ် ၄၂ ဒါဇင်၊ ဘောပင် ၁၅ ဒါဇင်၊ ခဲတံ ၂၂ဒါဇင် နှင့် ငွေကျပ် ၃၈၇၀၀၀ ပေးအပ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မြို့ရေပေးရေးဆောင်ရွက်

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိဦးသန့်ဇင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်ကျော်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြေသားတာပေါင်တိုးချဲ့

အင်္ဂပူမြို့ မြို့ပတ်ရေကာတာ(မြဇရာလမ်း)ကို မြေသားခိုင်မာစေရန် တာပေါင်တိုးချဲ့ခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျောက်စီကမ်းကပ်ခုံ သစ်သားတံတားဆောင်ရွက်ပြီးစီးမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငါးသားဖောက်လုပ်ငန်း ကလေးခရိုင်၌ အသားတိုးမွေးမြူ

ကလေး ဇွန် ၂၂

ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းတင်သည် မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်ညွန့်လိုက်ပါလျက် ဇွန် ၈ရက်က ကလေးမြို့နယ် နန်ကြီးကုန်းကျေးရွာနှင့် အောင်သစ္စာရပ်ကွက်အတွင်းရှိ ပုဂ္ဂလိကငါးသားဖောက်လုပ်ငန်းရှင် ဦးလျန်ဇအုပ်၊ ဦးရာသောနာ၊ ဦးကျော်ငွေတို့၏ ငါးသားဖောက်လုပ်ငန်းနှင့် အသားတိုးမွေးမြူထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို အကြံဉာဏ်ပေးခြင်း၊ နည်းပညာပိုင်းအရ ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်သွယ်ဝယ်ယူနိုင်

ကလေးခရိုင်အတွင်း၌ ငါးမွေးမြူရေးကန်ဧက စုစုပေါင်း၂၀၀ကျော်ရှိရာ ဒေသအတွင်း ငါးသားပေါက်လိုအပ်ချက်ကို လိုသလောက်ဖြန့်ဖြူးနိုင်သည့်အပြင် မကွေးတိုင်းအထိ ကား၊ မီးရထားတို့ဖြင့် ဖြန့်ဖြူးလျက်ရှိသည်။ ငါးသားပေါက်များကို ဝယ်ယူလိုပါက ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဖုန်း-၀၇၃-၂၁၁၂၀သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၈၀၆၁ Yamaha Fino 115 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၉/မနတ(နိုင်)၀၇၀၀၀၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။



မာလာတင်

အမျိုးသမီး ကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၂-၈-၂၀၁၀ရက် စမည်
စုံစမ်းချိန်-နံနက် ၉နာရီမှ
ညနေ ၃နာရီအတွင်း

လူဦးရေကန့်သတ်ထားသည်
အမှတ် ၂၉၇၊ အခန်း ၆၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄။

ယာဉ်မတော်တဆဖြစ်မှု လျှော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဇွန် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည် လမ်းအသုံးပြုသူများအားလုံး ယာဉ်မတော်တဆဖြစ်မှု လျှော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ရက်က တောင်ကြီးမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းမှုကော်မတီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိန်သောင်းက အမှာစကားပြောကြားပြီး **(ယာပုံ)** မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူး တင်စိုးရှိန်က စည်းကမ်းပေါ့ဆမှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားရသော အကြောင်းရင်းများကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက လမ်းညွှန်များနှင့် လမ်းပေါ် ဆေးရေးအမှတ်အသားများအကြောင်းကို လည်းကောင်း၊ ရဲအုပ်မြင့်အောင်က ယာဉ်တိုက်မှု တိမ်းမှောက်မှုများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို လည်းကောင်း ရှင်းလင်းပြသသည်။

ဝေငှ

အခမ်းအနားသို့ မော်တော်ယာဉ်လိုင်းပေါင်းစုံမှ ကော်မတီဝင်များ၊ ဂိတ်မှူးများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်နောက်လိုက်များ၊ မော်တော်ဆိုင်ကယ် စီးသူများနှင့် ပြည်သူများ တက်ရောက်ကြပြီး မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုအန္တရာယ် လျှော့နည်းကျဆင်းရေး စာတမ်းများကို ဝေငှခဲ့ကြောင်း သိရသည်။

(ပြည်နယ်/ကညန)

ငါးသယံဇာတ ထိန်းသိမ်းရေး ဘိုကလေး၌ ဟောပြောဆွေးနွေး

ဘိုကလေး ဇွန် ၂၂

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘိုကလေးမြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး၊ ရေထွက်ပို့ကုန်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၃၁ရက် နံနက် ၁၀နာရီက မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းက ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါး၊ ပုစွန်များပေါက်ပွားသည့် ရာသီအတွင်း ငါးရစ်၊ ငါးသန်ဖမ်းဆီးခြင်းမပြုရေး၊ တရားမဝင် ငါးဖမ်းကိရိယာများ အသုံးမပြုရေး၊ အင်းဂရန်များကို ရေစီးရေလာကောင်းမွန်စေရန် ထိန်းသိမ်းဆောင်ရွက်ရေးနှင့် တရားမဝင်ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီရှော့တိုက်ခြင်း၊ ဆေးချခြင်းများဖြင့် ငါး၊ ပုစွန်များ မဖမ်းဆီးရန် ဟောပြောဆွေးနွေးသည်။ **(အပေါ်ပုံ)** ထို့နောက် ရေလုပ်သားများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာပေးအပ်

မော်လမြိုင် ဇွန် ၂၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ရက်က မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းခိုင်နှင့် တာဝန်ရှိသူများက မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားလျက်ရှိသည့် တပ်ဖွဲ့ဝင် သားသမီး စုစုပေါင်း ၈၆ဦးအတွက် စာရေးကိရိယာနှင့် ထောက်ပံ့ကြေးငွေကျပ် ၃၀၂၀၀၀ ပေးအပ်သည်။ **(ယာပုံ)**

ထောက်ပံ့

အလားတူ မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့၏ တပ်ဖွဲ့ဝင် သားသမီးများအား စာရေးကိရိယာ၊ ပညာသင်စရိတ် ထောက်ပံ့ပွဲကို ဇွန် ၆ရက်က မော်လမြိုင်မြို့နယ် ယာဉ်ထိန်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက အမှာစကားပြောကြားပြီး တာဝန်ခံယာဉ်ထိန်း ဒုတိယရဲမှူးမြင့်အေး၊ ရဲအုပ်အေးမင်းနှင့် တာဝန်ရှိသူတို့က မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တပ်ဖွဲ့ဝင်သားသမီး ၂၈ဦးအတွက် စာရေးကိရိယာ ထောက်ပံ့ကြေးငွေကျပ် သုံးသိန်းကျော် ပေးအပ်သည်။ (၀၁၄)

(၈၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၈

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုလျက် ဗိုလ်ကြီး သန်းဝင်း(ငြိမ်း) **(အပေါ်ပုံ)**သည် ဇွန် ၁၆ရက်က တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် (၈၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွှေတောင်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်

ရွှေတောင် ဇွန် ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇွန် ၁၃ရက် နံနက် ၉နာရီက ရွှေတောင်မြို့နယ် အထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဘဝင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ရွှေတောင်မြို့နယ် တာဝန်ခံ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် ရွှေတောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သရုပ်ပြ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ငွေးဝင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဒေါ်ဂင်စောတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူး ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များကို မဲရုံနမူနာများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်ရိပ်သာ လမ်းနေ ဒေါက်တာ သန်းထွဋ်အောင်-ဒေါ်ယဉ်မော်ဦး မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ အဘိုးအဘွားများ ဘုရားစုံဖူးရန် ငွေကျပ်ငါးသိန်းကို အလှူရှင်ကိုယ်စား လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း လက်ခံယူစဉ်။ (၁၀၅)

တောင်ငူမြို့နေ ဦးကျော်လှ(သတင်းထောက်)နှင့်ဒေါ်ဒေဝကီးဒေဝီ(သမာဓိ-စတိုး)တို့၏ ဇွန်၁၆ရက်၌ကျရောက်သော (၅၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကုသိုလ်အဖြစ် သမာဓိ မိသားစုက ဇေယျဝတီမြို့ လူမှုရေးကူညီမှုအဖွဲ့သို့ အလှူငွေ ကျပ်၅၅၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးမှူးဦးအောင်မြင့် လက်ခံယူပြီး အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၅၂)

ရေနံချောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ၅၈ ရာခိုင်နှုန်းအောင်မြင်

ရေနံချောင်း ဇွန် ၂၇

ရေနံချောင်းမြို့တွင် ဇွန် ၁၃ရက်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်ရှိရာ မကွေးတိုင်းအတွင်းရှိ စာဖြေဌာနများအနက် ရေနံချောင်းစာဖြေဌာနသည် ၅၈ရာခိုင်နှုန်း အောင်မြင်ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးပါဝင်ကြောင်း သိရသည်။ *(၀၇၆)*

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေး ကြိုတင်ကာကွယ် ရေးဆောင်ရွက်ထားမှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်နီနီချိုက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ အရိုးအထူးကု ဆေးရုံသစ်ကြီးအတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြည်သူများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ပြီ

နေပြည်တော် ဇွန် ၂၈

မန္တလေးတိုင်း မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂လမ်းရှိ အရိုးအထူးကုဆေးရုံကြီးဝင်း မုခ်ဦးရှေ့၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊

စာမျက်နှာ ၈ ကော်လံ ၆ ✳

ရခိုင်ပြည်နယ်အတွင်း ဆင်ဖြူတော်တစ်စီး ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တောဆင်ငါးကောင်အုပ်ထဲတွင် ဆင်ဖြူတော်တစ်စီးပါဝင်ကြောင်း ဒေသခံပြည်သူတို့၏ သတင်းပေးပို့ချက်အရ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဖမ်းအဖွဲ့များက ရှာဖွေဖမ်းဆီးခဲ့ရာ

စာမျက်နှာ ၉ ကော်လံ ၄ ●

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

လ၏ အအေးခဲဆုံးနေရာ

▷ ကောင်းမြတ်သူ ➤ ရေးသားသည် ◁

နာဆာ ဇွန် ၂၈

အမေရိကန် အာကာသအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသော လစူးစမ်းလေ့လာရေးယာဉ် (အယ်လ်အာရ်အို) အာကာသသို့ လွှတ်တင်ထားသည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

လွှတ်တင်ခဲ့

အဆိုပါ လစူးစမ်းလေ့လာရေးယာဉ်ကို နာဆာက ၂၀၀၉ခုနှစ် ဇွန် ၂၃ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းအာကာသယာဉ်လွှတ်တင်ပြီး တစ်နှစ်အကြာ လမျက်နှာပြင်၏ အအေးခဲဆုံး ၁၀နေရာကို အာကာသယာဉ်မှ စူးစမ်းလေ့လာနိုင်ခဲ့သည်။ လ၏ အအေးခဲဆုံးနေရာသည် အနုတ် ၂၄၈ ဒီဂရီ ဆဲလ်စီးရပ်စ်ဖြစ်သည်။ ယင်းသည် နေအဖွဲ့အစည်းနှင့် လမျက်နှာပြင်ပေါ်တွင် အအေးခဲဆုံးနေရာပင်ဖြစ်သည်။

အင်တာနက်

29-6 (20).pmd 1 6/29/2010, 2:06 AM